# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသောတရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## အိန္ဒိယ ပဲဝယ်လိုအားမြင့်တက်မှုကြောင့် မန္တလေးဈေးကွက်တွင် မတ်ပဲ လက်ကျန်နည်းပါးသည်အထိ တင်ပို့နေရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အိန္ဒိယ၏ ပဲလိုအပ်ချက်ကြီးမြင့်မှုကြောင့် မန္တလေးဈေးကွက်တွင် မတ်ပဲ လက်ကျန်နည်းပါးသည်အထိ တင်ပို့နေရကြောင်း မန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ပါ လိုအပ်ချက်ကြီးမြင့်မှုကြောင့် မန္တလေးပဲဈေးကွက်အတွင်း မတ်ပဲနှင့် ပဲစင်းငုံများ ဈေးကောင်းရနေကြောင်းလည်း သိရသည်။

"အိန္ဒိယလိုင်းက တောက်လျှောက်ဝယ်နေတယ်။ မတ်ပဲက မန္တလေးဈေးကွက်မှာ အဟောင်းလက်ကျန်အတော်လေး နည်းသွားပြီ"ဟု အထက်ပါ ကုန်စည်ဒိုင်တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ယနေ့** *ဖတ် စ ရာ*

ယခုနှစ်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်းမှ ခရီးသွား တစ်သောင်းကျော် သွားရောက် — ပြည်တွင်းသတင်း — စာ ၃

လိုသည်ထက် ပိုတာ မကောင်းပါ — ဆောင်းပါး — စာ ၈





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူစဉ်။

❖ *ရွှေဖုံးမှ*

တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်း တပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်း တပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**ဆုများအသီးသီးပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စောပြည့်အောင်နှင့်စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း



❑ **ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ကျရာဒေသအသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်သည့်အခါ စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနှင့် ညီညွတ်မှုတအောင် အသိပညာပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်**

နိုင်ရဲလှတို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်" ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ပေးအပ်လာသည့် တာဝန်များကို ကျရာကဏ္ဍအလိုက် အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ

*စာမျက်နှာ ၄ သို့*

◆ *ရွှေဖုံးမှ*

လာမည့်နှစ် တစ်လပိုင်းနှင့် နှစ်လပိုင်းအတွက် သင်္ဘောဖြင့် တင်ပို့ရန် ကြိုတင်ဝယ်ယူမှုရှိနေကြောင်းလည်း အထက်ပါဈေးကွက်မှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ပြည်ပသို့ မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံတန်ချိန် ၁၀ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၈၅၀ ကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

**ထက်ဦးမောင်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်းမှ ခရီးသွား တစ်သောင်းကျော် သွားရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ယခုနှစ်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်း ခရီးသွား တစ်သောင်းကျော်သွားရောက်ခဲ့ကြကြောင်း ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင်ပေးနေသည့် ခရီးသွားအေဂျင်စီတစ်ခုမှ သိရသည်။

"၂၀၂၂ ခုနှစ်တုန်းကတော့ ကိုဗစ်အပြီးမှာ သိပ်မသွားဖြစ်ကြဘူး။ ပုံမှန်ကတော့ ကိုဗစ်မဖြစ်ခင်တုန်းကတော့ ပုံမှန်ခရီးသွား သုံးသောင်းခွဲကနေ ငါးသောင်းရှိတယ်။ ကိုဗစ်ဖြစ်ပြီးနှစ်တွေမှာလည်း တစ်သောင်းခွဲလောက်တော့ သွားကြတယ်။ ဒီနှစ်လည်း တစ်သောင်းကျော်လောက် သွားကြတယ်"ဟု ခရီးသွားများအား ဗုဒ္ဓဂယာသို့ ပို့ပေးသည့် ပြည်တွင်းခရီးသွားအေဂျင်စီတစ်ခုမှ မဖြူမာကိုက ပြောသည်။

ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ ဗီဟားပြည်နယ်တွင် တည်ရှိပြီး အိန္ဒိယအစိုးရက ဗုဒ္ဓဂယာကို ၁၉၄၉ ခုနှစ် ဘုရားကျောင်းကန် အက်ဥပဒေအရ ၁၉၅၃ ခုနှစ် မေလ ၂၈ ရက် မှစ၍ အုပ်ချုပ်ရေးအဖွဲ့ဖြင့် အုပ်ချုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ခရီးသွားများသည် ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ သက်ဿနဂိုရ်၊ အာဂရာ (တပ်ချ်မဟာ+ခံတပ်)၊ နယူးဒေလီ၊ ခတ်တော်တိုက်၊ Akshardham Temple၊ သာဝတ္ထိ၊ ကပ္ပိလဝတ်၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ဝေသာလီ စသည့်နေရာများသို့ သွားရောက်ကြသည်။

**သစ်တော်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရ ဗိုလ်လောင်း အောင်ကျော်မင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်း စောပြည့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရ ဗိုလ်လောင်း နိုင်ရဲလှ အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

တိုးတက်ထုတ်လုပ်နိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးကို မြှင့်တင်ခြင်းဖြစ်သကဲ့သို့ စားနပ်ရိက္ခာလုံခြုံရေး (Food Security)ကို များစွာအထောက်အကူပြုနိုင်မည်ပင်ဖြစ်ကြောင်း။

**အလေးအနက်ထားမှာကြားလို**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေရေိယာကျယ်ပြန့်ခြင်း၊ လူဦးရေ သင့်တင့်မျှတခြင်း၊ ရာသီဥတုသမမျှတခြင်းတို့ရှိသည့်အတွက် အခြေခံအားဖြင့် စားနပ်ရိက္ခာ ဖူလုံ လုံခြုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် အစားအစာများကို သင့်တင့်မျှတအောင် ရွေးချယ်စားသုံးနိုင်မှု အလေ့အထ အားနည်းသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ကျရာဒေသအသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်သည့်အခါ စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် အသိပညာပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်ခဲ့**

မိမိတို့နိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းတွေ့ကြုံချိန်တွင် ကြိုတင်ပြင်ဆင်မှုများ အားကောင်းခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ချိန်ကစပြီး ပြန်လည်ထူထောင်ရေးလုပ်သည့်အချိန်ထိ မုန်တိုင်းဒဏ်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးဆေးအဖွဲ့ ငါးဖွဲ့ဖြင့် မုန်တိုင်းဒဏ်ဘေးသင့်ဒေသများတွင် သဘာဝဘေးအလွန် ကူးစက်ရောဂါများ ဖြစ်ပွားခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း၊ **သဘာဝဘေးအန္တရာယ်များ ကျရောက်လာတိုင်း မိမိတို့တပ်မတော်သည် ကူညီဆောင်ရွက်ပေးရန် အမြဲအသင့်ရှိနေသောကြောင့် မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တိုင်းတွင် ဆေးမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်ခဲ့သည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်မှာ **“တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”** ဟူ၍ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ ကျန်းမာစွာအသက်ရှင်နေထိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

**စေတနာမေတ္တာအမှန်ဖြင့်ဆောင်ရွက်ပေးနေ**

ထို့ကြောင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံအဝန်းလိုက်လံကုသပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း နယ်လှည့်ဆေးကုသရေးယာဉ်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွား ဆေးရုံရေယာဉ်တို့ဖြင့် ဒေသခံပြည်သူ လူထုစုစုပေါင်း ကိုးသိန်းကျော်ကို သွားရောဂါ၊ မျက်စိရောဂါ အပါအဝင် ကလေးရောဂါ၊ ခွဲစိတ်ကုသမှုရောဂါနှင့် ဆေးကုသမှုဆိုင်ရာရောဂါများကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအဝန်းကျေးလက်ဒေသများအထိ သွားရောက်ပြီး ရောဂါဝေဒနာခံစားနေရသည့် ပြည်သူများကို လိုအပ်သည့်စမ်းသပ်ကုသမှုနှင့် ခွဲစိတ်ကုသမှုများကို အခမဲ့ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို မိမိတို့တပ်မတော်အနေဖြင့် စေတနာမေတ္တာအမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

**ဝင်ရောက်တာဝန်ထမ်းဆောင်ပေးခဲ့ရ**

ယနေ့ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရေးအတွက် ပြည်ပနိုင်ငံအချို့၏ ထောက်ပံ့မှုများနှင့် အစွန်းရောက် ပြည်ပြေးနိုင်ငံရေးသမားများက ငြိမ်းချမ်းရေးကို မလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ပူးပေါင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်သည့်နေရာတွင် ဆင်ခြင်တုံတရားမဲ့စွာ စစ်ဘက်နှင့် မသက်ဆိုင်သည့် ကျန်းမာရေးကဏ္ဍကိုလည်း ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်က ဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုယန္တရား လည်ပတ်မှုရပ်တန့်သွားစေရေးအတွက် ဆရာဝန်၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများကို CDM ပြုလုပ်လာအောင် သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင်ခြိမ်းခြောက်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း၊ အချို့သောကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာကျင့်ကြံရမည့် ကတိသစ္စာကို ဖောက်ဖျက်ခဲ့ကြသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့ တပ်မတော်သား ပါရဂူ၊ ဆရာဝန်နှင့် သူနာပြုများက ဝင်ရောက်တာဝန်ထမ်းဆောင်ပေးခဲ့ရကြောင်း။

ထို့အပြင် အကြမ်းဖက်သမားများသည် မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် လုပ်ရပ်များဖြစ်သော ဆေးရုံ၊ ဆေးပေးခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြသည့်အပြင် ဆရာဝန်၊ သူနာပြုနှင့်

*စာမျက်နှာ ၅ သို့*

**○ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သားဆရာဝန်စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေး အသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ကျန်းမာရေးဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ ဖိအားပေးအနိုင်ကျင့်ခြင်းများ၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်များသည် အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များဖြစ်သည့်အတွက် မည်သည့်နိုင်ငံ၊ မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်သကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း လက်မခံနိုင်သည့် လုပ်ရပ်များ ဖြစ်ကြောင်း။

မိဘပြည်သူများ၏ ကျန်းမာရေးကဏ္ဍအပေါ် ဦးတည်ချက်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်စွမ်းအားပြိုလဲအောင် တိုက်ခိုက်ခြင်းဖြစ်သကဲ့သို့ အပြစ်မဲ့ပြည်သူလူထုကိုဦးတည်ပြီး သစ္စာမဲ့စွာ အကြမ်းဖက်တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း၊ **အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများအပေါ် ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူ သိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သားဆရာဝန် စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေး အသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်သွားကြရန်** မှာကြားလိုကြောင်း။

ရောဂါကုသမှုများအတွက် တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့ရာတွင် ကျောက်ကပ်အစားထိုးကုသနိုင်သည့် ဆေးရုံ လေးခု၊ အသည်းအစားထိုးကုသနိုင်သည့် ဆေးရုံ တစ်ခု၊ နှလုံးရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သည့်ဆေးရုံ လေးခု၊ နှလုံးခွဲစိတ်ကုသနိုင်သည့် ဆေးရုံ နှစ်ခု၊ အစာအိမ်အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် ခွဲစိတ်ကုသနိုင်သည့် ဆေးရုံ ငါးခုအထိရှိလာပြီဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်**

ထိုကဲ့သို့ တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်ခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့်ရင်ခေါင်း ခွဲစိတ်ကုသခြင်းများကို တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက အရပ်သားပြည်သူများကိုပါ အောင်မြင်စွာကုသပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးမှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ဆက်လက်ထိန်းသိမ်းဆောင်ရွက်**

ထို့အပြင် တပ်မတော်သား ဆရာဝန်များဖြစ်သကဲ့သို့ စစ်ဘက်ခေါင်းဆောင်ငယ်များလည်းဖြစ်သည့်အတွက် မိမိကိုယ်ကို ခေါင်းဆောင်မှု အရည်အချင်းနှင့်ပြည့်စုံနေအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှုပေးပြီး မိမိတပ်ဖွဲ့ဝင်များနှင့်အတူ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်၊ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့် တပ်မတော်သား ခေါင်းဆောင်ငယ်ကောင်းများ ဖြစ်ရန်လိုသကဲ့သို့ ဆရာဝန်ဖြစ်သည့်အလျောက် မြင့်မြတ်သည့်စိတ်ထား ကူညီရိုင်းပင်းသည့်နှလုံးရည်နှင့် ပြည့်ဝရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရမည်ဆိုပါက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် **"ပညာ ပြည့်ဝ၊ နှလုံးလှ"** အောင် မိမိကိုယ်ကို အမြဲလေ့ကျင့်တည်ဆောက်သွားကြရန် လိုအပ်သကဲ့သို့ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းများကိုလည်း **"သမားဇာနည် အောင်စစ်သည်"** ဟူသည့်အတိုင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဟု အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

**အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**

သမားဇာနည်များ မွေးဖွားပေးရာဖြစ်သည့် **တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သော ဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး သုတေသနပြုပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်သည့် ဆေးပညာရှင်ဆရာဝန် အရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်၊ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တာဝန်ကျေပွန်ပြီး မိမိတို့ တတ်ကျွမ်းသည့် ဆေးပညာနှင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများအပြင် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တပ်မတော်သားခေါင်းဆောင်ငယ်ဆရာဝန်ဆေးမှူးများဖြစ်သဖြင့် မြင့်မြတ်သည့် စိတ်ထား၊ ကူညီရိုင်းပင်းသည့် နှလုံးရည်၊ ကြံ့ခိုင်သည့် ရဲစွမ်းသတ္တိများ ပြည့်စုံပြီး နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ ဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ညှော့ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ကျင့်ဝတ်သိက္ခာများကိုစောင့်ထိန်း**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ခြင်းဖြစ်**သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခု တက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်ပြီး မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်** လိုကြောင်း၊ **ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**ကြောင်း၊ လူသားတစ်ဦးတွင် ရှိသင့်သည့် ကျင့်ဝတ်သိက္ခာများကိုစောင့်ထိန်းပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကာ ကိုယ်ကျင့်တရားကောင်းပြီး အောင်မြင်သူများဖြစ်အောင် မိမိဘဝကိုမိမိ ကြိုးစားတည်ဆောက်နေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**■ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက် သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ် နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များ ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်**

**❂ သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများ ရှိခဲ့ပြီးဖြစ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အတူတကွသုံးဆောင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးစဉ်။

# တောင်ကိုရီးယားကို သွားရောက်သည့် Re-entry လုပ်သားအချို့ထံမှ တားမြစ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး မြန်မာလုပ်သားများ၏ ပုံရိပ်မကျဆင်းစေရေးနှင့် အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရန် တားမြစ်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုရန် အေဂျင်စီအသိပေး





**ရန်ကုန် ဒီဇင်ဘာ ၁၈**

တောင်ကိုရီးယားသမ္မတနိုင်ငံ သွားရောက်အလုပ်လုပ်ကိုင်သည့် Re-entry လုပ်သားအချို့ထံမှ တားမြစ်ထားသည့်အစားအသောက်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ရာ မြန်မာလုပ်သားများ၏ ပုံရိပ်မကျဆင်းစေရေးနှင့် ကိုရီးယားသို့ဝင်ရောက်မည့် မြန်မာလုပ်သားများ အဆင်ပြေချောမွေ့စွာဝင်ရောက်နိုင်ရန် တားမြစ်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုရန် POEA-EPS (အစိုးရ၏ပြည်ပအလုပ်အကိုင်အေဂျင်စီ) က အသိပေးထားသည်။

EPS လုပ်သားများအား အင်းချွန်လေဆိပ်၏ တားမြစ်ပစ္စည်းများကို သယ်ဆောင်ခြင်းမပြုရန် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ အကြိမ်ကြိမ်အသိပေးထားသော်လည်း ဒီဇင်ဘာ ၁၄ရက်တွင် ဝင်ရောက်မည့် Re-entry လုပ်သားအချို့သည် အင်းချွန်လေဆိပ်အဝင် တားမြစ်ပစ္စည်းများ သယ်ဆောင်လာကြောင်း တွေ့ရှိခဲ့၍ လေဆိပ်၌ ပစ္စည်းသိမ်းဆည်းခံရခြင်းနှင့်ငွေဒဏ်ပေးဆောင်ခဲ့ရကြောင်း POEA-EPS ကဆိုသည်။

ယခုကဲ့သို့ တားမြစ်ပစ္စည်းသယ်ဆောင်၍ ဒဏ်ရိုက်ခံရသူများကို မြန်မာဘက်မှလည်း Blacklist ထည့်၍ မြန်မာပြည်ပြန်လာချိန် ဒဏ်ငွေဆောင်ခြင်း၊ လဝကမှတ်တမ်းတွင်လည်း ထည့်သွင်းပြီး သံရုံးသို့ ဆက်သွယ်ပြီး ဗီဇာသက်တမ်းမတိုးပေးခြင်းနှင့် passport သက်တမ်းမတိုးပေးခြင်းမျိုးအထိ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။

"warning လောက်ကတော့ တစ်ဘို့တည်းသမားတွေက နားလည်မှာ မဟုတ်ဘူး။ မြန်မာဘက်ကလည်း ပြစ်ဒဏ်သတ်မှတ်ထားမှ အဆင်ပြေသွားမှာ"ဟု ကိုရီးယားရောက် မြန်မာနိုင်ငံသားတစ်ဦးကဆိုသည်။

ထိုကဲ့သို့ တားမြစ်ပစ္စည်းများကို ယူဆောင်ခြင်း များလာပါက နောက်လာမည့်သူများကိုပါ အယုံအကြည်မဲ့နိုင်ကြောင်းလည်း ၎င်းကဆိုသည်။

**MT**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မန်းဖြိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ခေတ္တကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။ **(ယာပုံ)**

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးတက္ကသိုလ်၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ်၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပရာ တပ်မတော် ဆေးတက္ကသိုလ်ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မန်းဖြိုး၊ တပ်မတော် ဆေးတက္ကသိုလ် ပါမောက္ခချုပ်ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များစုံညီစွာတက်ရောက်ကြသည်။



အစီအစဉ်အရ တပ်မတော် ဆေးတက္ကသိုလ်ခေတ္တကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမရှိ သတ်မှတ်နေရာများတွင် နေရာယူပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ရရှိသူတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်ပြီး (ဝဲပုံ) ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုကာ ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ခေတ္တကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကာ ခေတ္တကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေး အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းများ ရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော် ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်း မဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ဆေးတက္ကသိုလ် (မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော် ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော တက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်ကိုလူငယ်များဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထား ဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူသိမြင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။






ယနေ့တွင် အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ပြသမည့် စာအုပ်စာစောင်များ ခင်းကျင်းခြင်း၊ "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲအတွက် ဓာတ်ပုံများ ခင်းကျင်းခြင်း၊ ဝန်ကြီးဌာန ၁၅ ခုမှ ပြသမည့် ပြခန်းများ ခင်းကျင်းပြင်ဆင်ခြင်း၊ ဖွင့်ပွဲအခမ်းအနားအစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဖျော်ဖြေကြမည့် အနုပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လိုသည်ထက် ပိုတာ မကောင်းပါ

**ခင်သန်းမြင့်**

**ပြီးခဲ့တဲ့ရက်တွေတုန်းက စက်သုံးဆီတွေ ပြတ်လပ်တော့မယ်၊ ဈေးတွေမတန်တဆ တက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့အတူ စက်သုံးဆီ အရောင်းဆိုင်တွေမှာ မော်တော်ယာဉ်တွေ အလုအယက်နဲ့ တိုးမပေါက်အောင် စည်ကားလိုက်တာဖြစ်ခြင်း။**

အထူးသဖြင့် ကျွန်မတို့ ရန်ကုန်ရွှေမြို့တော်က သူ့ထက်ကဲ ရွှေပြည်စိုး။ အခုခေတ် ကလေးတွေ ပြောသလို ဂယက်တွေထလိုက်ကြတာ လွန်ပါရော။ ပုံမှန်သုံးစွဲနေကျ ပမာဏထက်ပိုမိုဝယ်ယူမှုကြောင့် ဝယ်လိုအားနဲ့ရောင်းလိုအား မမျှမတဖြစ်ပြီး စက်သုံးဆီ အရောင်းဆိုင်အချို့ ဆီဖြည့်တင်းဖို့ ထွက်ခွာလာတဲ့ ဆီသယ်ယာဉ်တွေ မရောက်မီ ကာလအတွင်း ခေတ္တအရောင်းရပ်ဆိုင်းရတဲ့အခြေအနေအထိပါပဲ။ စက်သုံးဆီအရောင်းဆိုင်တွေမှာ ညအိပ်ညနေ တန်းစီစောင့်ဆိုင်းဝယ်ယူကြ၊ ကြားဖြတ်လို့ အချင်းများရန်ဖြစ်ကြနဲ့ အတော့်ကို ပွက်လောရိုက်သွားခဲ့တယ်။

## နိုင်ငံရေး၊ စီးပွားရေး ရည်ရွယ်ချက်ရှိရှိနဲ့ ဖွတဲ့သူတွေကလည်း ဖွ

တကယ်တော့ ဒီလိုအဖြစ်မျိုးက ရန်ကုန်အပါအဝင် မြန်မာနိုင်ငံမှာထူးဆန်းတဲ့ အကြောင်းအရာကိစ္စတော့မဟုတ်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး ရည်ရွယ်ချက်ရှိရှိနဲ့ ဖွတဲ့သူတွေကလည်း ဖွလေ့ရှိကြတာကိုး။ ၂၀၁၇ ခုနှစ်တုန်းကလည်း ခေတ်အခြေအနေအရ စက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့မှုကို အကြောင်းပြုပြီး ဆန္ဒပြမှုတွေဖြစ်ပေါ်လာအောင် တွန်းပို့ခဲ့ကြတာပဲ။

တစ်ခါ မထသမော်တော်ယာဉ်တွေကို သဘာဝဓာတ်ငွေ့သုံး ဂတ်စ်ကားများအဖြစ် ပြောင်းလဲခဲ့စဉ်တုန်းကလည်း အဆင်သင့်မဖြစ်သေးဘူးတို့၊ ဂတ်စ်အိုးတွေက ခရီးသည်တွေအတွက် အန္တရာယ်ရှိတယ်တို့ဆိုပြီး မထသမော်တော်ယာဉ်အချို့ ပြေးဆွဲမှုရပ်လိုက်တဲ့အတွက် ခရီးသည်တွေ အခက်အခဲဖြစ်ခဲ့ကြရတယ်။ နောက်တော့လည်း တက္ကစီအငှားယာဉ်တွေကအစ ဂတ်စ်ကားမှ ဂတ်စ်ကား ဖြစ်လာကြပြန်ရော။

မှတ်မိသေးတယ်။ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက မထသမော်တော်ယာဉ်လိုင်းတွေကို ပုဂ္ဂလိကကုမ္ပဏီပိုင် YBS ယာဉ်လိုင်းများအဖြစ်ပြောင်းလဲခဲ့စဉ်ကလည်း စစချင်းရက်တွေမှာ YBS ယာဉ်တွေ အပြည့်အဝ အစားမထိုးနိုင်ခဲ့တဲ့အတွက် ခရီးသည်တွေ၊ ဝန်ထမ်းတွေ ညနေအိမ်အပြန်မှာ စီးစရာကားတွေမရှိလို့ ပရဟိတတွေ၊ လူမှုဝန်ထမ်းစိတ်ရှိသူတွေက သူတို့ပိုင် မော်တော်ယာဉ်တွေနဲ့ အခမဲ့ပြေးဆွဲ ပို့ဆောင်ပေးခဲ့ရဖူးတယ်။

မြန်မာပြည်မှာ အဲဒီလို အခိုက်အတန့် အခက်အခဲကိစ္စတွေ ကြုံတွေ့လာရင်၊ ဖြစ်ပေါ်လာရင် နိုင်ငံရေးအလို့ငှာ၊ စီးပွားရေးအလို့ငှာ အခြေအနေဆိုးသည်ထက်ဆိုးအောင် ရည်ရွယ်ချက်ရှိရှိ ကောလာဟလမျိုးစုံနဲ့ ဘေးတီးပေးတဲ့သူတွေ၊ ထုတ်လွှင့်လိုက်တဲ့ ကောလာဟလမျိုးစုံကိုယုံစားပြီး တီးကွက်အတိုင်း ယိမ်းကသလို လိုက်ကကြတဲ့သူတွေ၊ ဖြစ်ပေါ်လာတဲ့အခြေအနေ၊ အခက်အခဲအပေါ်မူတည်ပြီး မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသလို တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်လုပ်စားလေ့ရှိတဲ့သူတွေ၊ ခဏတာအခိုက်အတန့် အဆင်မပြေမှုအပေါ် အပြစ်တင်စောတဲ့သူတွေ၊ အခုနောက်ပိုင်း ဆိုရှယ်မီဒီယာပေါ်မှာ Live လွှင့်ပြီး ဆယ်လီဖြစ်ချင်သူတွေ စတဲ့သူ့အုပ်စုနဲ့သူ။ ကြားထဲက အမြဲငထွားခါးနာရသူတွေကတော့ ရိုးသားတဲ့ ပြည်သူအများစုပေါ့။

ဒါကြောင့် လက်ရှိစက်သုံးဆီဂယက်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာက သီလဝါ ဆိပ်ခံတံတားတွေမှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘောခြောက်စင်း၊ ပင်လယ်ဝ Pilot Station မှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘောကိုးစင်းနဲ့ စင်ကာပူကနေ ဆီတင်ပြီး ထွက်လာတဲ့ ဆီတင်သင်္ဘောတစ်စင်းရှိတာကြောင့် ပြည်တွင်းသုံးစွဲမှုပမာဏအရ အများပြည်သူတွေအနေနဲ့ စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ပူပန်စရာမလိုတဲ့အကြောင်း၊ ဒါ့အပြင် ဒီဇင်ဘာလအတွင်းမှာပဲ နောက်ထပ်ပြည်ပဆီတင်သင်္ဘော ၂၇ စင်းနဲ့ ထပ်မံတင်သွင်းဖို့ Supplier တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားရှိပြီးတဲ့အကြောင်း ရှင်းလင်းထုတ်ပြန်ပြောဆိုခဲ့မှုကြောင့် စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ကြောင့်ကြနေကြတဲ့ ပြည်သူအများစု စိတ်အေးသွားခဲ့ကြပါတယ်။

> ❐ **စက်သုံးဆီဆိုင်တွေမှာ အကြိမ်ကြိမ်တန်းစီဝယ်ယူပြီး အချို့ရပ်ကွက်တွေမှာ ဓာတ်ဆီတစ်လီတာကို နေရာဒေသအလိုက် ကျပ် ၄၀၀၀ ကျော်ကနေ ကျပ် ၇၀၀၀ ဝန်းကျင်နဲ့ လိုင်စင်မဲ့တစ်ဆင့် ပြန်လည်ရောင်းချမှုတွေ၊ တရားမဝင်သိုလှောင်ရောင်းချမှုတွေကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးကာ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါတယ်**

> **" မြန်မာစာပေကျမ်းဂန်တွေထဲမှာလည်း ကမ္ဘာဦးကာလက ကမ္ဘာဦးလူသားတွေ ဟာ ပင်ပင်ပန်းပန်းရှာဖွေလုပ်ကိုင်စားသောက်စရာမလိုဘဲ မြေပေါ်မှာ သူ့အလိုအလျောက်ပေါက်တဲ့ အခွံလည်း မဖုံး၊ ဖွဲလည်းမကပ်တဲ့ ဆန်သားသက်သက်သီးတဲ့ သလေးစပါးဆန်တွေကို ဆွတ်ယူချက်ပြုတ် စားသောက်လို့ရတယ်လို့ဆိုပါတယ်။ နောက်ပိုင်းမှာ အတ္တ၊ လောဘကြီးသူတွေဟာ လိုတာထက်ပိုပြီး သုံး၊ လေး၊ ငါးရက် စာမက ဆွတ်ယူသိုလှောင်လာကြတဲ့အခါမှာတော့ သလေးစပါးတွေဟာ မူလပကတိအတိုင်း ပြန်ပေါက်ခြင်း၊ အသီး သီးခြင်းမျိုးမရှိတော့ဘဲ အငုတ်တွေအတိုင်းသာ ဖြစ်ကျန်ခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ဘယ်အရာမဆို လိုသည်ထက် ပိုတာမျိုးက မကောင်းပါဘူးနော် "**

## စီးပွားဖြစ် လုပ်စားလေ့ရှိသူတွေကိုတော့ သက်ဆိုင်ရာဥပဒေနဲ့ ထိန်းကျောင်းဖြေရှင်းခဲ့ရ

တစ်ခါဖြစ်ပေါ်လာတဲ့ အခိုက်အတန့် အခက်အခဲပေါ်မူတည်ပြီး တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်လုပ်စားလေ့ရှိသူတွေကိုတော့ သက်ဆိုင်ရာဥပဒေနဲ့ ထိန်းကျောင်း ဖြေရှင်းခဲ့ရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ အခေါက်ခေါက်အခါခါဝယ်ယူပြီး အပြင်မှာ ဈေးနှုန်းမြင့်တင်ကာ လိုင်စင်မဲ့ပြန်လည်ရောင်းချသူတွေကို ၂၀၁၇ ခုနှစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ စက်သုံးဆီတွေကို လိုင်စင်မဲ့သယ်ယူပို့ဆောင်တာ၊ သိုလှောင်တာ၊ ရောင်းချတာတွေကို စစ်ဆေးတွေ့ရှိရင် အနည်းဆုံး ငွေဒဏ် ကျပ်သုံးသိန်းကနေ အများဆုံးကျပ်သိန်း ၅၀ အထိဖြစ်စေ၊ တစ်နှစ်ထက် မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမှာဖြစ်တယ်လို့ သက်ဆိုင်ရာ သတိပေးထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် **စက်သုံးဆီဆိုင်တွေမှာ အကြိမ်ကြိမ်တန်းစီဝယ်ယူပြီး အချို့ရပ်ကွက်တွေမှာ ဓာတ်ဆီတစ်လီတာကို နေရာဒေသအလိုက် ကျပ် ၄၀၀၀ ကျော်ကနေ ကျပ် ၇၀၀၀ ဝန်းကျင်နဲ့ လိုင်စင်မဲ့တစ်ဆင့်ပြန်လည်ရောင်းချမှုတွေ၊ တရားမဝင် သိုလှောင်ရောင်းချမှုတွေကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးကာ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါတယ်။**

ပြည်သူတွေအနေနဲ့လည်း ဒီလိုဆောင်ရွက်မှုများကို တွေ့ရှိပါက ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးများသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက မေတ္တာရပ်ခံနှိုးဆော်ခဲ့ပါတယ်။

## စက်သုံးဆီများ အရည်အသွေးပြည့်မီရေး ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးကလည်း ဒီဇင်ဘာ ၁၁ ရက်က နေပြည်တော်မှာကျင်းပတဲ့ ဗဟိုကော်မတီရဲ့ (၂/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ "စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း ကဏ္ဍကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေး၊ ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ စက်သုံးဆီအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

ယခုရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ စက်သုံးဆီ အရောင်းဆိုင်များအပြင် အချို့တိုင်းဒေသကြီး ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ ပို့ဆောင်ရောင်းချပေးလျက် ရှိသော်လည်း ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များကြောင့် ပိုမိုဝယ်ယူစုဆောင်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်ကထက် ဝယ်လိုအားပိုမိုမြင့်တက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း စက်သုံးဆီများ တရားမဝင်ရောင်းချမှုမရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနဲ့ တာဝန်ရှိသူများကလည်း ရန်ကုန်တိုင်းဒေသကြီးက စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်မှာ စက်သုံးဆီ ပြတ်လပ်မှုမရှိဘဲ လုံလုံလောက်လောက် ရောင်းချပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၁ ရက်က အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)သို့ သွားရောက်ခဲ့ပြီး စက်သုံးဆီသိုလှောင်စခန်းမှာ စက်သုံးဆီသိုလှောင်ထားရှိမှုနဲ့ ဆီသယ်ယာဉ်များပေါ်သို့ စက်သုံးဆီဖြည့်တင်းမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆီသိုလှောင်ကန်မှ ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်သွင်းသည့်စနစ် အားနည်းချက်မရှိရေး၊ အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနှင့် ဆိုင်အရောက် မြန်ဆန်ရေးစနစ်နဲ့ ဆောင်ရွက်နိုင်ဖို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

## လူကိုယ်တိုင်မျှောထုတ်ယူရတဲ့စနစ်ကနေ Online နဲ့ မျှောထုတ်ယူနိုင်တဲ့အဆင့်

ယခုလိုတာဝန်ရှိသူအဆင့်ဆင့်က ဘက်ပေါင်းစုံ ကဏ္ဍအလိုက် လျင်လျင်မြန်မြန် ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုဆိုရင် အများပြည်သူများအနေနဲ့ စက်သုံးဆီဝယ်ယူသုံးစွဲရာမှာ ဟိုးတစ်ပတ်ကျော်ကထက်တော့ အများကြီးအဆင်ပြေလာခဲ့ပါပြီ။ ရန်ကုန်မြို့ရဲ့ တစ်နေ့တာ စက်သုံးဆီလိုအပ်ချက်ဟာ ဆီဂါလန် ခြောက်သောင်းခန့်ဖြစ်ပေမယ့် ယခုသက်ဆိုင်ရာက ဆီဂါလန် တစ်သိန်းကျော် ဖြန့်ဖြူးပေးလျက်ရှိတဲ့အပြင် ထပ်မံဝင်ရောက်မှုများလည်း ရှိနေတဲ့အတွက် ရန်ကုန်မြို့ခံ ပြည်သူတွေအနေနဲ့လည်း စိုးရိမ်ကြောင့်ကြမှုများ လျော့ပါးကင်းဝေးခဲ့ပြီး ပုံမှန်အတိုင်း မဖြစ်သေးပေမယ့် ကိုယ်လိုသလောက် ဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်ပါတယ်။ ညအိပ်ညနေ အချိန်ကြာမြင့်စွာ တန်းစီဝယ်ယူစောင့်ဆိုင်းခြင်းမျိုးလည်း မရှိသလောက်တွေ့ရပါတယ်။ ဆက်လက်ပြီး စက်သုံးဆီလုပ်ငန်းရှင်များ ပိုမိုအဆင်ပြေစေရေးအတွက်လည်း ဆီသယ်ယာဉ်တွေကို လက်ရှိ လူကိုယ်တိုင်မျှောထုတ်ယူရတဲ့စနစ်ကနေ Online နဲ့ မျှောထုတ်ယူနိုင်တဲ့အဆင့်အဖြစ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ကိစ္စမြားမြောင် လူတို့ဘောင်မှာ အမှုကိစ္စပေါင်းစုံနဲ့အတူ အခက်အခဲပေါင်းစုံကိုလည်း လူတိုင်းကိုယ်စီကြုံတွေ့နေကြရဦးမှာပါပဲ။ ကြုံတွေ့လာခဲ့ရင်လည်း**

*စာမျက်နှာ ၉ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ရောင်ပစ်ကွင်းကျေးရွာ နွေစပါးစိုက်ကေများ စုပေါင်းမြေဩဇာကြဲပက်ပွဲ တက်ရောက်အားပေး

ပုသိမ် ဒီဇင်ဘာ ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ရောင်ပစ်ကွင်း ကျေးရွာတွင် ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစိုက်ကေများ ဓာတ်မြေဩဇာစုပေါင်းကြဲပက် ပွဲသို့ တက်ရောက်အားပေးသည်။**

**ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းပြီးစီးမှု၊ နွေစပါးစိုက်ပျိုးမှု အခြေအနေများ မေးမြန်းခဲ့ပြီး ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင် ဆောင်ရွက်နေမှုနှင့် တောင်သူ ဦးစိုးမင်းအောင်၏ လယ်မြေ ၇ ဒသမ ၃၆ ဧကနှင့် တောင်သူ ဦးသန်းအောင်၏ လယ်မြေ ၃ ဒသမ ၀၂ ဧကတို့တွင် GW- 11 မျိုးစပါးများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျပေါင်းစပ်၍ စုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျောင်းကုန်းမြို့နယ် ရောင်ပစ်ကွင်းကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နွေစပါးစိုက်ကေများ ဓာတ်မြေဩဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၂-၂၀၂၃၊ ၂၀၂၃-၂၀၂၄ နှစ်ဆက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (၁၃၀ပေ x ၃၀ပေ) RCC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တံခွန်တိုင်ကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ(Knowledge Center) တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ကျောင်းကုန်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက် (Bio-graphic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)ကောက်ယူခြင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများထံ ပြုလုပ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ရှိ ဝေမာမြန်မာဆန်စက်လုပ်ငန်း (Wilmar Myanmar Riceland Kyailat Limited) သို့ ရောက်ရှိပြီး ဒေသအတွင်းမှ ထွက်ရှိသည့် စပါးများအား ပိုမိုဝယ်ယူကြိတ်ခွဲနိုင်စေရေး၊ Contrat Farming စနစ်ဖြင့် တောင်သူများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်စေရေးမှာကြားပြီး ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်နေမှု၊ စပါးအခြောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းများတွင် ဝန်ချီစက်များ ထားရှိဆောင်ရွက် ထားရှိမှုနှင့် စပါးခွံလောင်စာသုံးဘွိုင်လာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လည်ပတ်နေမှုများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

အတ္တစိတ်နဲ့ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းမကြည့်ဘဲ ကိုယ်ချင်းစာစိတ်နဲ့ ကြည့်ဖို့ လိုအပ်ပါတယ်။ ဂျပန်နိုင်ငံမှာ ဆူနာမီ သဘာဝဘေးအန္တရာယ်ကြီး ကြုံတွေ့ခဲ့စဉ်ကဆို ဂျပန်ပြည်သူများဟာ စားသောက်ကုန်အပါအဝင် လိုအပ်တဲ့ပစ္စည်းတွေကို စနစ်တကျ တန်းစီပြီး အများအကျိုးအတွက် ကိုယ်ချင်းစာစိတ်၊ စာနာစိတ် အပြည့်အဝနဲ့ အမှန်တကယ် လိုအပ်တာထက် ပိုမိုဝယ်ယူသုံးစွဲခြင်း မရှိခဲ့ကြပါဘူး။

မြန်မာစာပေကျမ်းဂန်တွေ ထဲမှာလည်း ကမ္ဘာဦးကာလက ကမ္ဘာဦးလူသားတွေဟာ ပင်ပင်ပန်းပန်း ရှာဖွေလုပ်ကိုင်စားသောက်စရာ မလိုဘဲ မြေပေါ်မှာ သူ့အလိုအလျောက်ပေါက်တဲ့ အခွံလည်း မဖုံး၊ ဖွဲလည်းမကပ်တဲ့ ဆန်သား သက်သက်သီးတဲ့ သလေးစပါးဆန်တွေကို ဆွတ်ယူချက်ပြုတ် စားသောက်လို့ရတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာ အတ္တ၊ လောဘကြီးသူတွေဟာ လိုတာထက်ပိုပြီး သုံး၊ လေး၊ ငါးရက်စာမက ဆွတ်ယူသိုလှောင်လာကြတဲ့ အခါမှာတော့ သလေးစပါးတွေဟာ မူလပကတိ အတိုင်း ပြန်ပေါက်ခြင်း၊ အသီးသီးခြင်းမျိုး မရှိတော့ဘဲ အငုတ်တွေအတိုင်းသာ ဖြစ်ကျန်ခဲ့တယ်လို့ဆိုပါတယ်။ တကယ်တော့ ဘယ်အရာမဆို လိုသည်ထက် ပိုတာမျိုးက မကောင်းပါဘူးနော်။ ။

---

## နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ သင်တန်းအမှတ်စဉ် (၁) အပိုင်း(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများ သင်တန်း အမှတ်စဉ် (၁) အပိုင်း (၂) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ သင်တန်းအမှတ်စဉ် (၁) အပိုင်း(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (International Public Sector Accounting Standards – IPSAS) ကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲမှုနှင့် အစီရင်ခံတင်ပြမှုပုံစံများ တစ်ပြေးညီဖြစ်စေရန် IPSAS ဘုတ်အဖွဲ့မှ ချမှတ်ပြဋ္ဌာန်းထားပါကြောင်း၊ IPSAS ကို လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံပိုင်ကဏ္ဍ၏ စာရင်းကိုင်စနစ် ပိုမိုကောင်းမွန်လာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော ယုံကြည်အားထားရသည့် ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲတင်ပြနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချမှုများကို အလေးထား လေ့လာမှတ်သားပြီး မိမိတို့၏ လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချခြင်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန် စေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၂၀၊ အခြားဝန်ကြီးဌာနများမှ သင်တန်းသား ၇၆ ဦး စုစုပေါင်း ၉၆ ဦး တက်ရောက်ကြပြီး IPSAS စာရင်းစံ ၁၆ ခုကို ဒီဇင်ဘာ ၁၈ ရက်မှ မတ် ၆ ရက်အထိ သုံးလကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်သူများအနေဖြင့် IPSAS အပိုင်း (၃) သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပြီး အပိုင်းသုံးပိုင်းလုံး အောင်မြင်သူများအား ဒီပလိုမာလက်မှတ် ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှု (၇) မှုနှင့် တရားမအထူးအယူခံမှု (၆) မှု တို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၅)မှု တို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၃ (ရန်ကုန်)၊ ၂/၂၀၂၃ (မန္တလေး)၊ ၃/၂၀၂၃ (ကချင်)၊ ၄/၂၀၂၃ (ကချင်)၊ ၅/၂၀၂၃ (ကချင်)၊ ၆/၂၀၂၃ (ရခိုင်) နှင့် ၇/၂၀၂၃ (ရန်ကုန်)၊ တရားမအထူးအယူခံမှုအမှတ် ၄၉/၂၀၂၂ (မွန်)၊ ၅၀/၂၀၂၂ (မွန်)၊ ၂၉/၂၀၂၃ (ရှမ်း)၊ ၃၀/၂၀၂၃ (ရှမ်း)၊ ၃၄/၂၀၂၃ (ဧရာဝတီ)နှင့် ၃၆/၂၀၂၃ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၇) မှုနှင့် တရားမအထူးအယူခံမှု (၆) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၆/၂၀၂၂ (မန္တလေး)၊ ၇/၂၀၂၃ (ပဲခူး)၊ ၁၈/၂၀၂၃ (ရန်ကုန်)၊ ၃၇/၂၀၂၃ (ရှမ်း) နှင့် ၃၈/၂၀၂၃ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

### ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်

ရှေးဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့်ကော်မတီများ အနေဖြင့် ပြီးခဲ့သည့် ရှစ်လတာ ကာလလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ယခုအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

### လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး

လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ရန်ပုံငွေထည့်သွင်းလျာထား၍ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍တက်ကြွစွာ ဆောင်ရွက်ခဲ့မှုကြောင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၃) ကျင်းပခဲ့ကာ ဧပြီ ၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ အိမ်ထောင်စု ၆၂၄၆ စု၊ လူဦးရေ ၂၄၃၇၀ တို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်း/စုရပ် ၉၀ ကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### နယ်မြေတည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေး

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ခြင်းများကို အဆုံးသတ်စေနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော နယ်မြေတည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ မှီခိုမှုကင်းစွာဖြင့် ရပ်တည်နေထိုင်သွားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများ လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်ရာ၌ များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ချမှတ်ထားသောမူဝါဒများ၊ အမျိုးသားအဆင့်မဟာဗျူဟာများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအားလုံး အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယာယီခိုလှုံရာ စခန်း/စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ လူမှုရေးဆိုင်ရာပံ့ပိုးမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမှု၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလော လိုအပ်သည်များ ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

### ဆက်လက်ဆောင်ရွက်မည့်အစီအမံများ

ယင်းနောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူများက သုံးသပ်အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ခြင်းများကို အဆုံးသတ်စေနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော နယ်မြေတည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**

❖ **တစ်ဖက်တွင်လည်း နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ မှီခိုမှုကင်းစွာဖြင့် ရပ်တည်နေထိုင်သွားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရမည်**

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

## ဓာတ်ပုံများမှတစ်ဆင့် နိုင်ငံအပေါ်တန်ဖိုးထားဂုဏ်ယူစိတ်များ၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားစိတ်များ စိမ့်ဝင်ပျံ့နှံ့လာမည်ယုံကြည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင် အဖွဲ့များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### လွတ်လပ်ရေးအနှစ်သာရဖော်ညွှန်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၇၅ ဦးက ဓာတ်ပုံပေါင်း ၆၈၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် ပို့စကတ်များ၊ သဝဏ်လွှာကတ်များကို ထုတ်ဝေသည့်အခါ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အံ့ဖွယ်ကောင်းသည့် အလှအပရှုခင်းများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ရိုက်ကူးသည့် ဓာတ်ပုံများကို အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြစ်ပါကြောင်း။

### အကြိမ်ကြိမ်စိစစ်အကဲဖြတ်

ထို့အပြင် ယခုပြိုင်ပွဲတွင် မျိုးဆက်သစ် လူငယ်များလည်း ဝင်ရောက်ယှဉ်ပြိုင်လာကြသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပခြင်းသည် မျိုးဆက်သစ်လူငယ် ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပေးကြသည့် ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ ရိုက်ကွင်း ရိုက်ကွက်၊ အယူအဆ၊ အလင်းအမှောင်၊ ဖော်ညွှန်းသည့် အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံချင်းစီ၏ အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ကြပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ဆန်းသစ်သည့် အနုပညာဖန်တီးမှုများနှင့်အတူ တွေ့မြင်ရပြီး ယခုကဲ့သို့ ဆုများ ချီးမြှင့်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဓာတ်ပုံများမှတစ်ဆင့် ပြည်သူလူထုအတွင်း မိမိတို့နိုင်ငံအပေါ် တန်ဖိုးထားဂုဏ်ယူစိတ်များ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားစိတ်များ စိမ့်ဝင်ပျံ့နှံ့လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ဆုများရွေးချယ်ဆောင်ရွက်မှုတင်ပြ

ထို့နောက် ဆုရွေးချယ်စိစစ်ရေးဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု (၅) ရရှိသည့် ဦးမောင်မောင်လွင်ထိုက်နှင့် အထူးဆု (၄) ရရှိသည့် ဦးကျော်မျိုးသီဟတို့အတွက် ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အထူးဆု (၃) ရရှိသည့် ဦးအောင်မင်းနှင့် အထူးဆု (၂) ရရှိသည့် ဦးထွန်းထွန်းဝင်းတို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အထူးဆု (၁) ရရှိသည့် ဦးမိုးဟိန်းထွန်းနှင့် တတိယဆုရရှိသည့် ဦးဇော်မြင့်နိုင်တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

### ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဒုတိယဆုရရှိသည့် ဦးသန်းနိုင်ဦး (ငဖဲ) နှင့် ပထမဆုရရှိသည့် ဦးဝင်းတိုးတို့အတွက် ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးဝင်းတိုးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပထမဆုရရှိသည့် ဦးဝင်းတိုး အား ဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အထူးဆု(၄) ရရှိသည့် ဦးကျော်မျိုးသီဟ အား ဆုပေးအပ်ချီးမြှင့်စဉ်။

---

**ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ**

**(၁၈-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၁၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆရာဝန်များ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ထိန်းကျောင်းပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နိုင်ငံအနှံ့ ကျန်းမာရေးစောင့်ရှောက်မှုများပေး**

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးကောင်စီနာယက၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဆေးကောင်စီသည် ဆရာဝန်များ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ထိန်းကျောင်းရာတွင် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကုသရေးလုပ်ငန်းများ အနေဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသမှုအဖွဲ့များဖြင့် နိုင်ငံအနှံ့ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး အဆင့်မြင့်ခွဲစိတ်ကုသမှုများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကုသမှုအထောက်အကူပြုဝန်ထမ်းများကို နှစ်အလိုက် မွေးထုတ်ပေးလျက်ရှိပြီး Naypyitaw State Academy (Faculty of Medicine)ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ မွေးထုတ်ပေးလိုက်သည့် ဆရာဝန်များသည် နိုင်ငံတော်အပေါ်သစ္စာရှိရှိ၊ ကျင့်ဝတ်ကောင်းမွန်စွာဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကောင်စီအနေဖြင့် ထိန်းကျောင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆေးပညာတိုးတက်ရေးဆောင်ရွက်သွားမည်**

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးက မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆရာဝန်များ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ထိန်းကျောင်းပေးလျက်ရှိပြီး ဆေးပညာတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီ အတွင်းရေးမှူး၊ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်းက မြန်မာနိုင်ငံဆေးကောင်စီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး(၄/၂၀၂၃)၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို တက်ရောက်လာသည့် ဆေးကောင်စီအဖွဲ့ဝင်များက အတည်ပြုဆွေးနွေးကြကာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

# စိုက်ပျိုးရေးအခြေခံစက်မှုသီးနှံတစ်ခုဖြစ်သည့် ကြံကို ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအဖြစ် ဖော်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကြံသီးနှံ နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ရှိ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းသား ကြံစိုက် တောင်သူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကြံသီးနှံနည်းပညာပေးသင်တန်းတွင် ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးစဉ်။

**အထွက်ကောင်းကြံ စိုက်နိုင်ရေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာကြံသကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့စေရန် ကြံတစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ သုတေသနလုပ်ငန်းများမှ ဖော်ထုတ်ရရှိသော အထွက်တိုးနည်းပညာများ၊ ရေမြေဒေသနှင့် ကိုက်ညီပြီး အရည်အသွေးမီ မျိုးကောင်းမျိုးသန့်များ၊ အထွက်ကောင်း ကြံမျိုးများ တောင်သူလက်ဝယ်ကို ရောက်ရှိပြီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ကြံစိုက်တောင်သူနှင့် သကြားစက်ရုံအကြား အပေးအယူ မျှတကောင်းမွန်သော ကန်ထရိုက် လယ်ယာစနစ် (Contract Farming) တည်ထောင်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ချမှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဆောင်ရွက်မှု လုပ်ငန်းစဉ်များ (Standard Operating Procedure – SoP) နှင့်အညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြံသီးနှံ နည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများသည် ကြံမျိုးရင်း ထိန်းသိမ်းစိုက်ပျိုးထားသော စိုက်ခင်းများ၊ တစ်သျှူးနည်းဖြင့် ထုတ်လုပ်ထားသော ကြံမျိုးပွားစိုက်ခင်းများ၊ လမိုင်းအထွက်ကောင်း စိုက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးကြသည်။

**သင်တန်းသား ၆၀ လေ့လာ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ကြံစိုက်ပျိုးထုတ်လုပ်မှုကို ဖော်ဆောင်နိုင်ရန် ခေတ်မီနည်းပညာနှင့် အရည်အသွေးကောင်း မျိုးကြံများ ဖြန့်ဖြူးခြင်းစီမံကိန်းအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ကြံသီးနှံ နည်းပညာပေးသင်တန်းတွင် တောင်သူများနှင့် ဌာနတွင်း သင်တန်းသား ၆၀ တက်ရောက်လေ့လာလျက်ရှိပြီး လမိုင်းအထွက်ကောင်း စိုက်ပျိုးနည်းစနစ်နှင့် ကြံစိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်တို့ကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ လက်တွေ့ပြသရှင်းလင်းဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ တောင်သူစိုက်ကွင်းတွင် လူအား၊ စက်အားတို့ဖြင့် ကြံခုတ်သိမ်းနေမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင်စက်ရုံကို ယုဇနကုမ္ပဏီလီမိတက်က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ပျဉ်းမနားသကြားစက်ရုံ၏ ကြံဝယ်ယူရေးလုပ်ငန်း၊ သကြားထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ကုန်ကြမ်းအပြည့်အဝရရှိနိုင်ရေး၊ ကြံမျိုးကောင်းမျိုးသန့်ရရှိရေးနှင့် နည်းပညာအပါအဝင် လိုအပ်ချက်များကို တည်ဆဲဥပဒေများနှင့်အညီ ပံ့ပိုးကူညီပေးနိုင်ရေးနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

သတင်းစဉ်

## နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ရောင်းချပေး



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်သူများ အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ နှုန်းဖြင့် လာရောက်ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယနေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီ စုစုပေါင်း ပိဿာချိန် ၉၉၈ ပိဿာ ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် အခြားဝန်ကြီးဌာနများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများအတွက်လည်း စီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌**
**ထွန်းသောမီးများကို**
**နေ့အလင်းရောင်**
**ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# ဂျပန်နှင့် ထိုင်းနိုင်ငံတို့အကြား လျှပ်စစ်ကားထုတ်လုပ်မှုမြှင့်တင်ရေး သဘောတူ



**တိုကျို ဒီဇင်ဘာ ၁၈**

ဂျပန်နှင့် ထိုင်းနိုင်ငံတို့သည် ဂျပန်မော်တော်ကားထုတ်လုပ်သူများ ထိုင်းနိုင်ငံတွင် လျှပ်စစ်ကားများ ထုတ်လုပ်ရောင်းချနိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် မူဘောင်တစ်ရပ်ကို လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆရက်သာသာဗီဆင်နှင့် တွေ့ဆုံစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ထိုင်းနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ဂျပန်ကားထုတ်လုပ်သူများကို ပံ့ပိုးကူညီရန် တောင်းဆိုခဲ့သည်။

ဝန်ကြီးချုပ် ဆရက်သာကလည်း အကူအညီပေးအပ်ရန် သဘောတူခဲ့ပြီး တရားဝင်ဆွေးနွေးပွဲများ ထူထောင်ရန်နှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံအစိုးရအနေဖြင့် ဂျပန်နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်ပြုရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံသို့ လာရောက်မည့် ဂျပန်နိုင်ငံသားများအတွက် ရက်ပေါင်း ၃၀ အထိ ဗီဇာကင်းလွတ်ခွင့်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် စတင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



## အီဂျစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတအယ်စီစီ မဲ ၈၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိ

**ကိုင်ရို ဒီဇင်ဘာ ၁၈**

လက်ရှိတာဝန်ထမ်းဆောင်ဆဲ သမ္မတ အဗ္ဗဒယ်ဖာတာအယ်စီစီသည် ခိုင်လုံမဲ ၈၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ၂၀၂၄ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း အီဂျစ်အမျိုးသားရွေးကောက်ပွဲ အာဏာပိုင် (အင်န်အီးအေ) က ဒီဇင်ဘာ ၁၈ ရက်တွင် ကြေညာထားသည်။

မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၆၇ သန်းမှ မဲပေးသူ ၆၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း မြို့တော်ကိုင်ရို၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အီဂျစ်အမျိုးသားရွေးကောက်ပွဲအာဏာပိုင်က ပြောကြားသည်။

အီဂျစ်နိုင်ငံ၌ မဲပေးခြင်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံရပ်ခြားမှ အီဂျစ်နိုင်ငံသားများက ၎င်းတို့၏ မဲပေးခြင်းကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နိုင်ငံပေါင်း ၁၂၁ နိုင်ငံတွင် မဲပေးကြကြောင်း သိရသည်။ အီဂျစ်နိုင်ငံ၌ သမ္မတဆိုင်ရာ ရွေးကောက်ပွဲအတွက် လေးဦးဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## လေကြောင်းပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူချက် လစ်ဗျားနှင့် အီတလီတို့ လက်မှတ်ရေးထိုး

**ထရီပိုလီ ဒီဇင်ဘာ ၁၈**

လစ်ဗျားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အီတလီမြို့ပြ လေကြောင်း အာဏာပိုင် အဖွဲ့တို့သည် လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး သဘောတူညီချက် နှစ်ရပ်ကို ဒီဇင်ဘာ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

လေကြောင်း ပို့ဆောင်ရေး သဘောတူညီချက်နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စသော သဘောတူညီချက်များကို အီတလီမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ပီယာလူဂီ ဒီပဲလ်မာနှင့် လစ်ဗျားပို့ဆောင်ရေးလက်ထောက်အတွင်းဝန် ခါလ်လက်ဒ်ဆွီစီတို့က လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

လေကြောင်း ပို့ဆောင်ရေး သဘောတူညီချက်က ဥရောပနှင့် လစ်ဗျားနိုင်ငံတို့အကြား လေကြောင်းများ ပြန်လည်ပျံသန်းပြေးဆွဲရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး မြို့ပြလေကြောင်း အဖွဲ့များအကြား နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်က မြို့ပြလေကြောင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။



နှစ်ပေါင်း ၁၀ နှစ် နီးပါးကြာ ရပ်နားထားပြီးနောက် လစ်ဗျားနှင့် အီတလီနိုင်ငံတို့အကြား တိုက်ရိုက် လေကြောင်းပျံသန်းပြေးဆွဲမှုကို စက်တင်ဘာလ အစောပိုင်းက ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ဥရောပကော်မရှင်သည် လစ်ဗျားလေကြောင်းလိုင်းအားလုံးကို ဥရောပလေပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခွင့် ပိတ်ပင်တားမြစ်ခဲ့သည်။ **ဆင်ဟွာ**

## မက္ကဆီကို၌ ခရစ္စမတ်ပါတီကျင်းပနေစဉ် သေနတ်ပစ်ခတ်မှုကြောင့် ၁၂ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၈**

မက္ကဆီကိုနိုင်ငံ ဂူအာနာဂျူအာတိုပြည်နယ်၌ ခရစ္စမတ်ပါတီပွဲကျင်းပနေစဉ်အတွင်း ဒီဇင်ဘာ ၁၇ ရက် အစောပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ၁၂ ဦးထက်မနည်းသေဆုံးကြောင်း အာဏာပိုင်များက ပြောသည်။

ဒေသန္တရအစိုးရ၏ ကနဦးထုတ်ပြန်ချက်အရ လက်နက်ကိုင်ဆောင်ထားသော အဖွဲ့တစ်ဖွဲ့က ရုတ်တရက် ရောက်ရှိလာပြီး မက္ကဆီကိုရိုးရာခရစ္စမတ် ပွဲတော်ပါဝင်ဆင်နွှဲသူများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အများစုမှာ လူငယ်လူရွယ်များ ဖြစ်ကြောင်းနှင့် ၁၂ ဦး သေဆုံးကာ အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက် ဒဏ်ရာရရှိသူများကို ဒေသန္တရဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ သို့သော်လည်း ၎င်းတို့ အခြေအနေများနှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။

မကြာသေးမီ နှစ်များအတွင်း ထိန်းချုပ်ရန် ကြိုးပမ်းနေသည့် ရာဇဝတ်ဂိုဏ်းများအကြား အငြင်းပွားမှုများကြောင့် ဒေသတွင်း အကြမ်းဖက်မှုများ မြင့်တက်လာခဲ့ကြောင်းလည်း သိရသည်။

**ဆင်ဟွာ**



## ယခုနှစ်အတွင်း ပြည်ပအလုပ်အကိုင်အေဂျင်စီ ၄၀၀ ၏ လိုင်စင်များကို သီရိလင်္ကာ ရုပ်ဆိုင်း

**ကိုလံဘို ဒီဇင်ဘာ ၁၈**

ပြီးခဲ့သည့် ၁၂ လအတွင်း လိုင်စင်စည်းကမ်းများ ချိုးဖောက်သည့်အတွက် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ ၄၀၀ ၏ လိုင်စင်များကို သီရိလင်္ကာအာဏာပိုင်များက ဆိုင်းငံ့ထားကြောင်း ဝန်ကြီးတစ်ဦးက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောသည်။

တစ်ချိန်တည်းတွင် နိုင်ငံခြားအလုပ်အကိုင် အေဂျင်စီ ၂၀၀ ၏ လိုင်စင်များကိုလည်း ဖျက်သိမ်းခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများနေ့ အထိမ်းအမှတ်အဖြစ် ကိုလံဘို၌ ကျင်းပသည့် အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းတွင် အလုပ်သမားနှင့် နိုင်ငံခြားအလုပ်အကိုင်ဝန်ကြီး မနူရှာနာနာရက်ခ်ခါရာက ပြောကြားခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ ငွေလွှဲခြင်းများသည် သီရိလင်္ကာ၏ အဓိကနိုင်ငံခြားဝင်ငွေ အရင်းအမြစ်များထဲမှ တစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်အထိ သီရိလင်္ကာနိုင်ငံသား ၂၇၅၀၀၀ ကျော်သည် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံ၌ ဆယ်စုနှစ်တစ်ခုအတွင်း ပြည်နယ်ရွေးကောက်ပွဲများ ကျင်းပ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈**

နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ၁၀ နှစ်ကြာ ဆိုင်းငံ့ထားပြီးနောက် အီရတ်နိုင်ငံ၏ ပြည်နယ် ၁၈ ခုအနက် ၁၅ ခုတွင် ပြည်နယ်ရွေးကောက်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်တွင် ပြန်လည်ကျင်းပခဲ့သည်။

အီရတ်နိုင်ငံ ကာဒစ်စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပြည်နယ်သုံးခုမှလွဲ၍ ဘဂ္ဂဒက်နှင့် ကျန်ပြည်နယ်အားလုံးရှိ သန်းပေါင်းများစွာသော အီရတ်နိုင်ငံသားများ မဲပေးမည်ဟု မျှော်လင့်ထားသောကြောင့် မဲရုံပေါင်း ၇၁၆၆ ရုံကို ဒေသစံတော်ချိန် နံနက် ၇ နာရီနောက်ပိုင်းတွင် လုံခြုံရေးတင်းကျပ်စွာဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ မဲရုံများကို ညနေ ၆ နာရီတွင် ပိတ်သိမ်းရန် စီစဉ်ထားသည်။

**ဆင်ဟွာ**



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၇၈၀၀၀၀၊ ဒေါက်တာ တင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(စွယ်စုံမီဒီယာဂရု)မိသားစုက ငွေကျပ် ၁၁၀၀၀၀၀၊ ဘဒ္ဒန္တရေဝတ(အရှင်ရေဝတ - ရွှေကွမ်းသား) ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက် တွံတေးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်နေပြည်တော်နှင့် ဒေါက်တာခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး တို့အား ဦးထိပ်ထား၍ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၅၀၄၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဝန်ကြီး ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)-စာရေးဆရာမကြီး မမြတ်လေးတို့အား ရည်စူး၍ မြတ်လေးရုံမိသားစုနှင့် စာရေးဆရာ ရာမညကိုကိုနိုင်အားရည်စူး၍ မြေးဖြစ်သူ စာရေးဆရာမ လင်းလက်စန္ဒာတို့က ငွေကျပ် သုံးသိန်းစီ၊ ဝဏ္ဏကျော်ထင် ဒေါက်တာချစ် - ဒေါ်ကြည်ကြည်ညွန့် မိသားစု၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်းနှင့် ဦးလူမော်မြင့်အောင်-ဒေါ်မော်မော်တင့်(ဆန်ဆိုင်)မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)မိသားစု၊ ဦးညွန့်လှိုင် (မောင်မောင်ညွန့်လှိုင်)မိသားစု၊ ဦးအောင်မြတ်ကျော် (မဟိဒ္ဓိဆေးတိုက်)၊ ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်စာရေးဆရာအသင်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ကျော်(ငြိမ်း) (မှူးကျော်-ပန်းတနော်)၊ မီမီကို(အလှရပ်ဝန်း)၊ စာရေးဆရာ နိုင်မျိုးသစ္စာ(နမ္မတူ)၊ စာချစ်သူ လေးခင်(တော်ဝင်ပန်း) တောင်ဥက္ကလာပမြို့နယ်နှင့် စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊

ဓနုဖြူမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၈၀၀၀၀၊ မြစ်သားမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၇၀၀၀၀၊ ရွှေထုံခင်သီတာလှိုင် (သထုံမြို့)မွန်ပြည်နယ်၊ ကလေးဝမြို့နယ်စာရေးဆရာအသင်း၊ စာရေးဆရာ လုလင်မော်ဝန်းမြေ-ဒေါ်အေးအေးဝင်း၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်) နှင့် ဒေါ်မြမြ(မြင်းခြံမြသီဂီ)ရန်ကင်းမြို့နယ်တို့က ငွေကျပ်ငါးသောင်းစီ၊ ဦးမြင့်ဦး (မြင့်မိုရ်ဦး-ပဲခူး) - ဒေါ်အေးအေးခိုင်၊ သား-ကိုကိုခန့် ပဲခူးမြို့နယ်၊ မြိတ်မြို့နယ်စာရေးဆရာအသင်း၊ ပြည်ကြီးတံခွန်မြို့နယ်စာရေးဆရာအသင်းနှင့် တောင်ကြီးမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ စာချစ်သူ ဇမ္ဗူမြိုင်(ဦးစံမြိုင်)က ငွေကျပ်တစ်သောင်း၊ ဆရာမကြီး ပါရဂူဒေါက်တာဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၃၈၀၀၀၀ တန်ဖိုးရှိ ပြက္ခဒိန်များနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က ငွေကျပ်သုံးသိန်း တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့် - တက္ကသိုလ်)တို့က လက်ခံရယူပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော် ကျင်းပမည့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ပြင်ဆင်ဆောင်ရွက်မှုကြည့်ရှု

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြခန်းခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင်များ၏ ပုံတူရုပ်တုများ၊ စာအုပ်စာပေများ၊ ပွဲတော်သို့ လာရောက်ကြသူများ ပျော်ပျော်ရွှင်ရွှင် အားကစားနည်းဂိမ်းများ ကစားနိုင်စေရေးနှင့် လူငယ်ကဏ္ဍနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုနိုင်ရေးနှင့် E-sports ပြခန်းခင်းကျင်း ပြသထားမှုများနှင့် ပတ်သက်ပြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို ပြန်လည် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

### ကြပ်မတ်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားတွင် သရုပ်ပြသမည့် ဂျူဒို၊ ဗိုဗီနမ်၊ ခြင်းလုံး၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့၊ သိုင်း၊ ကျွမ်းဘား၊ ဘော်လီဘော အားကစားနည်းများနှင့် Fitness Dance သရုပ်ပြအဖွဲ့များ၏ ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး သရုပ်ပြအားကစားအဖွဲ့များ ညီညီညာညာဖြင့် သရုပ်ပြသနိုင်ရေးအတွက် ဂရုတစိုက် ကြိုးစားဆောင်ရွက် သွားကြရန်နှင့် အုပ်ချုပ်သူ/နည်းပြများကလည်း မိမိအားကစားအဖွဲ့များ စည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ကျင်းပလျက်ရှိသည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး (အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်သို့ နိုဝင်ဘာလတစ်လတာအတွင်း ဘုရားဖူးဧည့်သည် ခြောက်သိန်းငါးသောင်းကျော် လာရောက်ဖူးမြော်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြို့ရှိ သိင်္ဂုတ္တရကုန်းတော်၌ တည်ထားကိုးကွယ်တော်မူသည့် ရွှေတိဂုံစေတီတော်သို့ နိုဝင်ဘာလတစ်လတာအတွင်း ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည် ခြောက်သိန်းငါးသောင်းကျော် လာရောက်ဖူးမြော်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။ "ဘုရားဖူးလာရောက်မှုအနေနဲ့ ဆိုရင် ပုံမှန်ရုံးဖွင့်ရက်တွေမှာ တစ်ရက်ကို လူဦးရေ၂၀၀၀၀ ဝန်းကျင်ရှိပြီး စနေ၊ တနင်္ဂနွေတွေမှာဆိုရင် တစ်ရက်ကို လူဦးရေ ၄၀၀၀၀ ကနေ ၅၀၀၀၀ ဝန်းကျင်အထိ လာရောက်ပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်မှုအနေနဲ့ တစ်ရက်ကိုလူဦးရေ ၁၅၀ ဝန်းကျင်လောက်ရှိပြီး တရုတ်၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေကနေ အများဆုံးလာရောက် ကြတာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောသည်။

ယင်းကာလအတွင်း ဘုရားဖူးလာရောက်မှုအားဖြင့် သံဃာတော် ၇၀၂၅ ပါး၊ တရုတ်၊ သာသနာ့နွယ်ဝင်သီလရှင် အပါးရေ ၃၃၉၀၊ အမျိုးသား ၂၉၂၁၃၄ ဦး၊ အမျိုးသမီး ၃၄၃၄၅၃ ဦး၊ နိုင်ငံခြားသား ၃၈၃၀၊ နိုင်ငံခြားသူ ၄၃၈၈ ဦး စုစုပေါင်း ၆၅၄၂၂၀ လာရောက်ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း တန်ဆောင်မုန်းလပြည့်နေ့ တစ်ရက်တည်းတွင် သံဃာတော်အပါးရေ ၇၇၀၊ သီလရှင်အပါးရေ ၄၀၀ အပါအဝင် ဘုရားဖူးဧည့်သည် ၇၃၈၀၈ ဦး လာရောက်ကြောင်း သိရသည်။ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုလျော့နည်းလာသည့်အတွက် ဘုရားဖူးပြည်သူများ လာရောက်ရာတွင် အဆင်ပြေစေ ရန် ဘုရားဖူးမြော်ချိန်အား နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**အာကာလင်း**

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်များ မဲခွဲထုတ်ပြန်၊ လက်ရှိချန်ပီယံ မန်စီးတီးနှင့် ကိုပင်ဟေဂင်တွေ့ဆုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ လက်ရှိချန်ပီယံ မန်စီးတီးအသင်းက ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်အသင်းနှင့် တွေ့ဆုံနေသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် မန်ယူအသင်းထက်၌ ရပ်တည်နိုင်ခဲ့သော ဒိန်းမတ်ချန်ပီယံ ကိုပင်ဟေဂင်အသင်းသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ရှုံးထွက်အဆင့်သို့ ပထမဆုံးအကြိမ် တက်လှမ်းထားနိုင်သည့် အသင်းဖြစ်သည်။

အာဆင်နယ်အသင်းက ပေါ်တူဂီကလပ် ပေါ်တို၊ ချန်ပီယံလိဂ်ဖလား စံချိန်တင် ၁၄ ကြိမ် ဆွတ်ခူးထားသည့် ရီးရဲမက်ဒရစ်အသင်းက ဂျာမန်ကလပ် လိုက်ပ်ဇစ်၊ ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဒုတိယရသည့် အင်တာမီလန်အသင်းက လာလီဂါနာမည်ကြီး အက်သလက်တီကို မက်ဒရစ်၊ ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းက အီတလီကလပ် လာဇီယိုအသင်းနှင့် တွေ့ဆုံနေသည်။

မဲခွဲရလဒ်အရ အခြားသော ပွဲစဉ်တွေ့ဆုံမှုတွင် နာပိုလီက လာလီဂါအသင်းကြီး ဘာစီလိုနာ၊ ပြင်သစ် အသင်းကြီး ပီအက်စ်ဂျီက ရီးရဲဆိုစီဒက်အသင်းတို့နှင့် တွေ့ဆုံနေသည်။ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၂၀ ရက်၊ ၂၁ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၅ ရက်၊ ၆ ရက်နှင့် ၁၂ ရက်၊ ၁၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဇွန် ၁ ရက်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ယူရိုပါလိဂ်ရှုံးထွက်အဆင့်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာ ဖီယင်နုကရီးမား၊ လန်းစ်က ဖရိုင်းဘတ်၊ ဘင်ဖီကာက တူးလော့စ်၊ ဂါလာတာစာရေးက စပါတာပရက်ဂ်၊ အေစီမီလန်က ရင်းနက်စ်၊ ယန်းဘွိုင်းစ်က စပို့တင်းလစ္စဘွန်း၊ ဘရာဂါက ကာရာဘတ်၊ ရက်တာဒိုးနက်က မာဆေးလ်အသင်းတို့နှင့် တွေ့ဆုံနေသည်။

**အောင်ဇော်**

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၁၆ ဒသမ ၀၀ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ အမေရိကန် ဒေါ်လာသန်းဖြင့် စုစုပေါင်း ၁၈ ဒသမ ၅၀၀ အမေရိကန်ဒေါ်လာသန်း ဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁၀ ဒသမ ၁၄၁ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၇၉၆ အမေရိကန်ဒေါ်လာသန်း စုစုပေါင်း ၁၁ ဒသမ ၉၃၇ အမေရိကန်ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၆၄ ဒသမ ၅၂၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။



**တင်ပို့နိုင်ခဲ့**

ကံပိုင်တည် ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောဈေးနှုန်း တစ်တန်လျှင် ၂၅၃၀ ယွမ်/ ၃၄၅ ဒေါ်လာတို့ဖြင့် ၂၇၀၂၀၅ တန်၊ တန်ဖိုး ၉ ဒသမ ၂၈၉ ဒေါ်လာသန်း၊ ရော်ဘာစိမ်း ၁၉၃ တန်၊ တန်ဖိုး ၀ ဒသမ ၂၆၁ ဒေါ်လာသန်း၊ ဖရဲသီး ၇၁၂ တန်၊ တန်ဖိုး ၀ ဒသမ ၀၉၈ ဒေါ်လာသန်း၊ ရှောက်ကောပါကော ၂၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၂ ဒေါ်လာသန်း၊ စကျင်ကျောက် ၅၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၈၈ ဒေါ်လာသန်း၊ သခွားမွှေး ၂၅ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၅ ဒေါ်လာသန်းနှင့် ဆန် ၆၇၂ တန်၊ တန်ဖိုး ၀ ဒသမ ၃၇၉ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

**အများဆုံးတင်သွင်းနိုင်ခဲ့**

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း တန်ချိန် ၁၄၁ တန်၊ တန်ဖိုး ၀ ဒသမ ၃၄၂ ဒေါ်လာသန်း၊ လုပ်ငန်းသုံးပစ္စည်း တန်ချိန် ၆၀၈ တန်၊ တန်ဖိုး ၁ ဒသမ ၀၇၇ ဒေါ်လာသန်းနှင့် လူသုံးပစ္စည်းတန်ချိန် ၆၃၉ ဒသမ ၅ တန်၊ တန်ဖိုး ၀ ဒသမ ၃၇၅ ဒေါ်လာသန်းတို့ တင်သွင်းနိုင်ခဲ့သည်။

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၃၅၃၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၃၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၀ ဒသမ ၃၇၇၄ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၁၁ ဒသမ ၇ တန်၊ ဂျင်းခရု(အရှင်) ၁၅ ဒသမ ၇ တန်၊ ရွှံ့ကဏန်း(အရှင်) ၄ ဒသမ ၅၅ တန်၊ ပုစွန်ငါးပိ ၀ ဒသမ ၅ တန်၊ ကဏန်း(အသေ) ၇ ဒသမ ၅ တန်၊ ရေခူဆားနယ် ၁၅ တန်၊ ကင်းမွန်ပြုတ်ခြောက် ၀ ဒသမ ၄၅ တန်၊ ရေချိုပုစွန် ၀ ဒသမ ၃ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၆၁ တန်၊ ငှက်ပျောသီး ၄၅ တန်၊ ငရုတ်သီးစိမ်း ၁၄၈ ဒသမ ၀၈၆ တန်၊ ခနိဖက် ခြောက်တန်တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၃၆ တန်၊ ပုစွန်အစာ ၁၀ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်၊ ကြွေပြား ၁၆၀၀ စတုရန်းမီတာ ဖြစ်သည်။ ၁၇-၁၂-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၂၅၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၇ဒသမ ၅၆ ကျပ်ခန့်ရှိကြောင်း သိရသည်။

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၁၃ မှ ဒီဇင်ဘာ ၁၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၂၉၉၉ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၁၄၇၆ ဒသမ ၂၅၀ တန်၊ ပြောင်း ၁၅၉၇ ဒသမ ၂၅၀ တန်၊ ရော်ဘာ ၂၃၂ ဒသမ ၀၀ တန်၊ တစ်သျှူးငှက်ပျော ၆၈၈ ဒသမ ၀၀ တန်၊ ဖရဲသီး ၈၂၈ ဒသမ ၅၀ တန်၊ သခွားမွှေး ၃၅၄ ဒသမ ၀၀ တန်၊ ကြံ ၄၈၀ ဒသမ ၀၀ တန်၊ ရှောင်ကောသီး ၆ ဒသမ ၀၀ တန်နှင့် သီဟိုဠ်စေ့ ၃၂ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ဆေးဝါးပစ္စည်း ၇၅၄၅၈၀ ခု၊ စက္ကူလိပ် ၃၆ ဒသမ ၅၀ တန်၊ ဂျပ်ဖာ ၇၁ ဒသမ ၅၅ တန်၊ ထွန်စက် ငါးစီး၊ ပီနံအိတ် ၃၆ ဒသမ ၅၀ တန်၊ ချည် ၈၅ ဒသမ ၅၀ တန်၊ တစ်သျှူးလိပ် ၂၁ ဒသမ ၀၀ တန်၊ မြက်ခင်းတု ၂၆ ဒသမ ၀၀ တန်၊ ပတ္တာကြိုး ၂၈ ဒသမ ၆၄ တန်၊ စောင် ၂၉ ဒသမ ၅၀ တန်၊ ဖော့ ၁၄ ဒသမ ၀၀ တန်၊ နန်းကြိုးခွေ ၇၅ ဒသမ ၀၀ တန်၊ သံပိုက်/သံပြား ၄၈ ဒသမ ၀၀ တန်၊ ဂျပ်စက္ကူ ၁၆ ဒသမ ၅၀ တန်၊ အဲယားကွန်းအလုံး ၁၀၀၊ ပလတ်စတစ်လိပ် ၃ ဒသမ ၅၀ တန်၊ ကုန်စုံ ၄၇၁ ဒသမ ၁၁ တန်၊ အခု ၃၇၄၀၀၊ ၇၂၀၀ ရုံ၊ တန်ဖိုး ၀ ဒသမ ၃၅၅ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။ ငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၁၇ရက်တွင် တစ်ယွမ်လျှင် ၄၆၇ ကျပ်ဖြစ်ကြောင်း သိရသည်။

# ပြည်ဈေးကွက်၌ ပဲပုပ်သီးနှံအသစ်များ အရောင်းအဝယ်ဖြစ်

ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း၊ ပြည်၊ ပန်းတောင်းဒေသများမှ ပြည်ပဲဈေးကွက်သို့ ပေါင်းတလည်၊ ဆောင်းရာသီပဲမျိုးစုံအသစ်များ နေ့စဉ်ဝင်ရောက်လာခဲ့ရာ ပဲပုပ်သီးနှံအသစ်များလည်း တစ်ရက်လျှင် အိတ် ၁၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ပဲပုပ် ပိဿာ ၂၀ ပါတစ်တင်းအိတ် ၂၀ မှ အိတ် ၃၀ ကျော် လက်လီအရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ကားအနေဖြင့် ရန်ကုန်ဝယ်လက်များသို့ ပဲပုပ်ပိဿာ ၂၀ ပါ တစ်တင်းအိတ် ၁၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ဝင်ရောက်လာသမျှ ပဲပုပ်သီးနှံအသစ်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးနှုန်းအနေဖြင့် ပိဿာ ၂၀ ပါ တစ်တင်းလျှင် ငွေကျပ် ၆၄၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခင်နှစ်ဈေးနှုန်းနှင့် ကွာခြားမှုမရှိကြောင်း သိရသည်။ **DOCA (ပဲခူး)**

### ၁၈.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | 5500(သစ်) | ၁၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | 4500(သစ်) | ၁၆၀၀၀ | ၅၁၂၅ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၅၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၃၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၄၀၀၀ | ၂၇၅၀ | ၆၅၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၀၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | 5200(သစ်) | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | 2600(သစ်) | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိသတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက် ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | လက်ခံနိုင်သော |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၅ | ဒလမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၆ | ရွှေပြည်သာမြို့နယ် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မတ္တရာမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၃ | ကျောက်ဆည်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၄ | မိတ္ထီလာမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | ကလေးမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၃ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၄ | ဟုမ္မလင်းမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | မြိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | ကောင်းမွန် | | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | ပခုက္ကူမြို့ | | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | | ကောင်းမွန် |
| | ၃ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | စစ်တွေမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | ကျောက်ဖြူမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | |
| | ၃ | သံတွဲမြို့ | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | | ကောင်းမွန် | ကောင်းမွန် | | |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၃ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | | | | | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# တရားမဝင် ကျွန်းသစ်၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ စက်သုံးဆီ သယ်ဆောင်ခွင့်မျှောစာ တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ သယ်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ စက်သုံးဆီ သယ်ဆောင်ခွင့်မျှောစာ တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ်(၃၅၈/၄)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ ၉၆၉ ဂါလန်အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၈၇၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၈၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဒီဇင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် UNICO POE Switch ၁၀ ခု၊ Holy Stone Drone (Used) တစ်ခု အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၀၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၅၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၈၆၅၈၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60 KW ငါးစုံသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❂ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV News၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MWD HD၊ MWD Variety HD ၊ MITV၊ MOI Website၊ MOI Youtube၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App: အပါအဝင် Online တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အိမ်ကွင်းပွဲစဉ်တွင် ပရိသတ်လာရောက်ကြည့်ရှုမှု အများဆုံးဖြစ်ကြောင်းသိရသည်။ ထို့အပြင် အိမ်ကွင်းပွဲစဉ်၌ ပွဲကြည့်ပရိသတ်ကြည့်ရှုမှုမှာ အသင်းသမိုင်းတစ်လျှောက် တတိယမြောက် အများဆုံးလည်း ဖြစ်သည်။

**မန်ယူခံစစ်နှင့် ဂိုးသမားတို့ကာကွယ်**

လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၆၉ ရာခိုင်နှုန်းနှင့် ဂိုးပေါက်ကန်သွင်းမှု ၃၄ ကြိမ်ထက်မနည်း ရှိခဲ့သော်လည်း မန်ယူအသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ပုံစံဖြင့် ဟန့်တားရှင်းထုတ် ကာကွယ်နိုင်ခဲ့သည့်အတွက် နိုင်ပွဲနှင့်ဝေးကွာခဲ့ရခြင်း ဖြစ်သည်။

**နိုင်ပွဲဆက်မှုရပ်တန့်**

လီဗာပူးအသင်းသည် မန်ယူကို သရေကျခဲ့သည့်အတွက် ယခုနှစ်ရာသီတွင် အိမ်ကွင်း ၁၁ ပွဲဆက် နိုင်ပွဲဆက်မှု မှတ်တမ်းရပ်တန့်ခဲ့သည့်အပြင် အမှတ်ပေးဇယားဦးဆောင်ခွင့်နှင့်ပါ လွဲချော်ခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် မန်ယူအသင်းမှ ခံစစ်ကစားသမား ဒါးလော့ ဒိုင်လူကြီး ဆုံးဖြတ်ချက် ကန့်ကွက်မှုကြောင့် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

**ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်**

မန်ယူအသင်းသည် လီဗာပူးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် စုစုပေါင်း ခြောက်ကြိမ်သာ ရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်သာ ရှိခဲ့သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် ရန်နိုင်စိုး(ခ) ရန်နိုင် မောင်းနှင်ပြီး မအိအိခင် (ခ) မအိနှင့် မမေဦးကိုကို (ခ) မေဦးကြည်လင်တို့ လိုက်ပါလာသည့် ALPHARD မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၆၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ပုလဲလမ်းတွင် ဖမ်းဆီးရမိ အိုက်စ်များသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် AA အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ နေလင်းထွန်း (ခ) နောနော် (ခ) ကျော်စိုးနှင့် ဒုဗိုလ်အဆင့်ရှိ စိုးထွန်း တို့ကို ALPHARD မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ကနောင်မင်းသားကြီးလမ်းရှိ ဂိုဒေါင်တွင် AA အဖွဲ့မှ ဗိုလ်အဆင့်ရှိ ထွန်းလင်း(ခ)ပြုံးချို အား အိုက်စ် ၈၆၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ည ၇ နာရီတွင် ဇော်မင်းထွေး(ခ)သန်းဝင်းနှင့် မသင်းမြတ်ဆွေ(ခ)ရင်ရင်လှတို့ကို အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဖမ်းဆီးရမိအိုက်စ်များကို ရန်ကုန်မြို့တွင်လက်ခံ၍ ပြည်ပသို့ရေကြောင်းမှသယ်ဆောင်ရာတွင် စီမံခန့်ခွဲသူ သားကြီး(ခ) ဦးလှဝင်း အား တောင်ငူမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ ဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီးနောက် စစ်ဆေးချက်အရ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် မေတ္တာလမ်းတွင် ၎င်းပိုင်ဆိုင်သည့် CANTER BOX မော်တော်ယာဉ်ပေါ်မှ အိုက်စ် ၁၁၄၀ ကီလို၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကမာရွတ်မြို့နယ် ဆင်မလိုက်သင်္ဘောကျင်း၌ စိုးပိုင် (ခ) စိုးစိုး၊ ဌေးလင်းဇော်၊ ကျော်ဌေးစိုး၊ AA အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ ဦးကျော်ဟန်၊ တပ်သားအဆင့်ရှိ ကျော်လင်းဆန်းနှင့် တပ်သားအဆင့်ရှိ ဦးထွန်းနုတို့ ခြောက်ဦးကို ပြည်ပသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါးများ သယ်ဆောင်သည့် တနင်္သာရီ(၁)အမည်ရှိ သံခွံကုန်တင် သင်္ဘောတစ်စင်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၂ ဒသမ ၀၇ တန်ကို မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို ရှမ်းပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိသူ ကျော်မြတ်ဦး(ခ)သားသား(ခ)ဝေသာထွန်း၏ ဦးစီးစီမံခန့်ခွဲမှုဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# နှစ်နှစ်အထက်ကြာအောင် အသုံးမပြုသော အကောင့်များကို ဂူဂဲလ်က စတင်ဖျက်သိမ်းနေ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

**ကမ္ဘာတစ်တန်းလုံးမှ သက်တမ်းနှစ်နှစ်ကျော်ကြာအောင် လုံးဝအသုံးပြုခြင်းမရှိသော ဂူဂဲလ်အကောင့်များကို ဂူဂဲလ်အနေဖြင့် ဒီဇင်ဘာ ၁ ရက်မှစ၍ ဖျက်သိမ်းနေပြီဖြစ်ရာ ပြည်တွင်းမှ ဂျီမေးလ်အကောင့် သို့မဟုတ် ဂူဂဲလ်အကောင့် ဖွင့်ထားသူများအနေဖြင့်လည်း မသုံးသည့်အချိန်ကာလ ကြာမြင့်နေသော အကောင့်များ ရှိပါက ဖျက်သိမ်းမခံရရန်အတွက် အကောင့်ကို တစ်နည်းနည်းဖြင့် Activation ပြုလုပ်ရန် လိုအပ်မည် ဖြစ်သည်။**



အချိန် နှစ်နှစ်ထက်ကြာအောင် အသုံးမပြုသော အကောင့်များကို ဒီဇင်ဘာ ၁ ရက်တွင် စတင် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဂူဂဲလ်အနေဖြင့် ဩဂုတ် လအတွင်းကပင် ကြိုတင်၍ ဂျီမေးလ်မှတစ်ဆင့် အသိပေးချက်များ ပေးပို့ခဲ့ပြီးနောက် ယခုအခါ အကောင့်များ စတင်ဖျက်သိမ်းနေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အကောင့်များကို တစ်ကြိမ်တည်း အားလုံး ဖျက်မည်မဟုတ်ဘဲ သီးခြားစီသာ ဖျက်မည်ဖြစ်သော ကြောင့် လက်ရှိအချိန်တွင် ဖျက်သိမ်းခြင်းမခံရသေး သော အကောင့်များရှိပါက အကောင့်ကို နည်းလမ်း တစ်ခုခုဖြင့် Activate ပြုလုပ်ခြင်းဖြင့် အဖျက်မခံရ အောင် ကာကွယ်နိုင်ဦးမည်ဖြစ်သည်။

အကောင့်ဖျက်သိမ်းခြင်း မခံရရန်အတွက် လုပ်ဆောင်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို ဂူဂဲလ် က အသိပေးထားရာ အလွယ်ဆုံးနည်းလမ်းမှာ ဂျီမေးလ်သို့ဝင်၍ မေးလ်တစ်စောင်ကို ဖွင့်ဖတ်လိုက် ရန်ပင်ဖြစ်သည်။ အခြားနည်းလမ်းများအနေဖြင့် Google Drive ကို အသုံးပြုခြင်း၊ YouTube တွင် ဂူဂဲလ်အကောင့်ဖြင့်ဝင်၍ ဗီဒီယိုတစ်ခုခုကို ကြည့်ရှုခြင်း၊ ပလေးစတိုးသို့ ဂူဂဲလ်အကောင့်ဖြင့်ဝင်၍ အက်ပ်တစ်ခုခုကို ဒေါင်းလုပ်ဆွဲခြင်း၊ Google Search ကို အကောင့်ဝင်၍ အသုံးပြုခြင်းများ ပြုလုပ် နိုင်မည်ဖြစ်သည်။

အထက်ပါ Activate နည်းလမ်းများကို နှစ်နှစ် အတွင်း တစ်ကြိမ်မှ ပြုလုပ်ခြင်းမရှိသော အကောင့် များအနေဖြင့် ဒီဇင်ဘာ ၁ ရက်မှစ၍ မည်သည့်အချိန် တွင်မဆို ဖျက်ပစ်ခြင်း ခံရနိုင်မည်ဖြစ်သည်။ အကောင့်များကို ဖျက်ပစ်ရာတွင် အကောင့်အတွင်းရှိ ဒေတာများအားလုံးနှင့်အတူ အဆိုပါဂူဂဲလ်အကောင့် ဖြင့် လော့ဂ်အင်ဝင်ထားသည့် အခြားဆိုရှယ်မီဒီယာ အကောင့်များအတွက် Contact Email အဖြစ်ကပါ အဖျက်ခံရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဖျက်ပစ် လိုက်သောအကောင့်၏ အမည်တူ အကောင့်အသစ် ကို အခြားလူများအနေဖြင့် ထပ်မံပြုလုပ် အသုံးပြုနိုင် မည်မဟုတ်၍ ဖျက်ပစ်လိုက်သောအကောင့်များတွင် ရှိသည့် ဒေတာများနှင့် ယင်းအကောင့်နှင့်ချိတ်ဆက် ထားသည့် ဆိုရှယ်မီဒီယာအကောင့်များမှ ဒေတာများ ၏ လုံခြုံရေးအတွက် စိတ်ပူရန်မလိုကြောင်း ဂူဂဲလ် က ကြေညာထားသည်။

အချိန်ကြာမြင့်စွာ အသုံးမပြုသောအကောင့်များ သည် ဟက်ကာများ၏ ဟက်ခ်ခံရနိုင်ခြေ ပိုများသည့် အတွက် ဤအန္တရာယ်ကို လျှော့ချရန် အနည်းဆုံး နှစ်နှစ်ကြာအောင် အသုံးမပြုသော အကောင့်များကို ဖျက်သိမ်းရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဂူဂဲလ်က ကြေညာထားပြီး ယခုအကောင့်ဖျက်သိမ်းမည့် အစီ အစဉ်တွင် Gift Card အကောင့်များ၊ ပလေးစတိုးတွင် ဟအက်ပလီကေးရှင်းတစ်ခုခုကို တင်ပေးဖူးသည့် အကောင့်များနှင့် Youtube တွင် ချန်နယ်ဖွင့်ထား သောအကောင့်များအနေဖြင့် ခြွင်းချက်ရရှိမည်ဖြစ် ကြောင်းလည်း သိရသည်။ **ကိုစိုး**

## Xiaomi ၏ HyperOS အသစ်ကို ပြည်တွင်းမှဖုန်းအချို့တွင် ပထမဆုံး စတင်အပ်ဒိတ်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

Xiaomi ၏ ပထမဆုံး ကိုယ်ပိုင်စက်လည်ပတ်မှု စနစ်သစ်ဖြစ်သော HyperOS ကို တရုတ်နိုင်ငံ အတွင်း အောက်တိုဘာ လကုန်ပိုင်းက စတင် မိတ်ဆက်ခဲ့ပြီးနောက် ပြည်တွင်းရှိ ဖုန်းအချို့ တွင်လည်း ယခု ဒီဇင်ဘာ ဒုတိယပတ်အတွင်း မှစ၍ တရားဝင်အပ်ဒိတ် စတင်ရရှိပြီ ဖြစ်ကြောင်း သိရသည်။




အပ်ဒိတ်စတင်ရရှိသော ဖုန်းများမှာ Xiaomi က ကြေညာထားသည့် ဖုန်းမော်ဒယ် များ ဖြစ်သော Xiaomi 13 Ultra, Xiaomi 13T, Xiaomi 12T, Xiaomi Pad 6 Max နှင့် Redmi K60 Pro.တို့ဖြစ်ပြီး အဆိုပါ ဖုန်း မော်ဒယ်များကို မူရင်း China ROM ဖြင့် အသုံးပြုသောဖုန်းများသာ ရရှိခြင်းဖြစ်ကာ Global ROM ပြောင်းသုံးထားသော ဖုန်းများ အနေဖြင့် အပ်ဒိတ်ရဦးမည်မဟုတ်ကြောင်း သိရသည်။ သို့ရာတွင် ပြည်တွင်းမှ China ROM ကိုသုံးထားသော အဆိုပါဖုန်းမော်ဒယ် အားလုံးတွင်လည်း အပ်ဒိတ်ရရှိခြင်းမရှိသေး ဘဲ အချို့သာ ရရှိခြင်းဖြစ်ကာ အချို့ဖုန်းများမှာ ဒီဇင်ဘာ ၁၇ ရက်အထိ အပ်ဒိတ်မရသေး ကြောင်းလည်း သိရသည်။ အပ်ဒိတ်ရရှိသော HyperOS ဗားရှင်းမှာ ဗားရှင်း 1.0 ဖြစ်သော် လည်း အသေးစိတ်တွင် ဖုန်းမော်ဒယ်အလိုက် တူညီခြင်းမရှိဘဲ 1.0.2.0 , 1.0.25.0 နှင့် 1.0.5.0 စသည်ဖြင့် ဗားရှင်းသုံးမျိုး ကွဲနေသည်ကို တွေ့ရသည်။

HyperOS တွင် အားသာချက်များအနေဖြင့် MiUI ၏ နောက်ဆုံးအပ်ဒိတ်ဖြစ်သော MiUI 14 ထက် ပိုကောင်းကြောင်း၊ Animation လုပ်ဆောင်ချက်များတွင် ပို၍ချောမွေ့ကြောင်း၊ ဖုန်းပူခြင်းနှင့် နှေးကွေးသွားခြင်းကို သက်သာ စေပြီး ဘက်ထရီကိုလည်း ပို၍ အားကုန် သက်သာစေကြောင်း၊ Lock screen တွင် လည်း အသုံးပြုသူစိတ်ကြိုက် ပြုပြင် ပြောင်းလဲမှုများလုပ်နိုင်သည့် Customize လုပ်ဆောင်ချက်များ ပိုမိုပါဝင်ကြောင်း လက်ရှိ စမ်းသပ်အသုံးပြုပြီးသူတစ်ဦးက ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားထား သည်။

HyperOS သည် Xiaomi ၏ ဖုန်းများအပါ အဝင် ထုတ်ကုန်အားလုံးအတွက် အသုံးပြု သွားမည့် ပင်မစက်လည်ပတ်မှုစနစ်တစ်ခု ဖြစ်ပြီး လက်ရှိအချိန်တွင် အန်းဒရွိုက်နှင့် ဆင်တူနေသေးသော်လည်း နောက်ပိုင်းတွင် လုံးဝ သီးခြားရပ်တည်သွားမည့် စနစ် ဖြစ်သည်။ Xiaomi အနေဖြင့် ၂၀၁၁ ခုနှစ်က ဖုန်းများစတင်ထုတ်လုပ်ချိန်ကတည်းကစ၍ အန်းဒရွိုက်ကို အခြေခံထားသော MiUI ကိုသာ အသုံးပြုခဲ့ရာမှ ယခုအခါ ပထမဆုံး ကိုယ်ပိုင် စနစ်ဖြစ်သော HyperOS ကို စတင်ထုတ်လုပ် ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် HyperOS ကို ထုတ်ကုန်အားလုံးတွင် ထည့်သွင်းအသုံးပြုပြီး HyperOS ကိုသာ အခြေခံသည့် Xiaomi ထုတ်ကုန်ကွန်ရက်တစ်ခု ဖြစ်လာစေရန် အထိ ရည်ရွယ်ထားကြောင်း Xiaomi က အောက်တိုဘာလအတွင်းက သတင်းထုတ်ပြန် ထားခဲ့သည်။

Xiaomi အနေဖြင့် ယခင်ကထုတ်ထား ခဲ့သော ဖုန်းမော်ဒယ်အဟောင်းများတွင်လည်း HyperOS ကို အသုံးပြုနိုင်ရန် အပ်ဒိတ်များ ထပ်ပေးသွားမည်ဖြစ်ရာ အနိမ့်ဆုံးအနေဖြင့် Xiaomi ဖုန်းများတွင် Xiaomi 10 မှစ၍ နောက်ပိုင်းထွက်ဖုန်းများ၊ Redmi ဖုန်းများ တွင် Redmi K40 မှစ၍ နောက်ပိုင်းထွက်ဖုန်း များ၊ POCO ဖုန်းများတွင် POCO F5 မှစ၍ နောက်ပိုင်းထွက်ဖုန်းများ၊ တက်ဘလက်များ တွင် Xiaomi Pad 5 နှင့် Pad 6 စီးရီးနှစ်ခုမှ မော်ဒယ်အားလုံးတို့ အပါအဝင် ဖုန်းနှင့် တက်ဘလက် မော်ဒယ်စုစုပေါင်း ၁၀၇ မျိုး သည် ၂၀၂၄ ခုနှစ်အတွင်း HyperOS အပ်ဒိတ် များကို ရရှိနိုင်မည်ဖြစ်ကြောင်း Xiaomi က ထုတ်ပြန်ကြေညာထားသည်။

**ကိုစိုး**

## အက်တမ်က မျှဝေခံစား အက်တမ်၏နှလုံးသား အစီအစဉ်ဖြင့် လူမှုအကျိုးပြုလုပ်ငန်းများ စတင်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၂၀၀ ကျော်မှ လူမှုအသိုင်းအဝိုင်း များကို အက်တမ် (ATOM) မှ စေတနာတုံ့ပြန်သောအားဖြင့် မျှဝေခံစား အက်တမ်၏နှလုံးသား အစီအစဉ်ကို အစပျိုးဆောင်ရွက်နေပြီဖြစ်ပြီး ယင်းအစီအစဉ်တွင် လှူဒါန်းမှုနှင့် ပါဝင်လှုပ်ရှားမှုပေါင်း ၄၀၀ နီးပါးကို ယခု ဒီဇင်ဘာလမှ ၂၀၂၄ ဖေဖော်ဝါရီလအထိ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

အက်တမ်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုအသိုင်းအဝိုင်း ကူညီထောက်ပံ့ရေးများကို အဓိကထားသည့် လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်များအတွက် ကျပ် သန်းပေါင်း ၅၆၀ ကျော်ကို ခွဲဝေအသုံးပြုရန် လျာထားပြီး အစီအစဉ်များအတွင်း မိသားစုပေါင်း ၁၁၂၅၀၀ ကျော် အတွက် ဆန်နှင့် ခေါက်ဆွဲခြောက်များ၊ စာအုပ်နှင့် ဘောပင်များ၊ ဘာသာ ရေးဆိုင်ရာ လှူဒါန်းမှုများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် အပင်အိတ် များ၊ စားသောက်ကုန်များ ဝယ်ယူနိုင်မည့် လက်ဆောင်ဘောင်ချာများ စသည်တို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

## ဟွာဝေးဖုန်းများကို လျှော့ဈေးဖြင့်ပြုပြင်နိုင်မည့်အစီအစဉ် ဒီဇင်ဘာလကုန်အထိ ပြုလုပ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဟွာဝေးဖုန်းများအပါအဝင် ထုတ်ကုန်များကို လျှော့ဈေးဖြင့် ပြုပြင်နိုင် မည့် HUAWEI Service Carnival အစီအစဉ်ကို ဟွာဝေး၏ တရားဝင် ဆားဗစ်စင်တာ ခြောက်ခု၌ ဒီဇင်ဘာလကုန်အထိ ပြုလုပ်လျက်ရှိသည်။

ယင်းအစီအစဉ်တွင် ဟွာဝေးထုတ်ကုန် ဖုန်းများ၊ လက်ပ်တော့ပ်များ၊ တက်ဘလက်များနှင့် စမတ်နာရီများအတွက် အပိုပစ္စည်းများကို ၂၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝယ်ယူပြုပြင်နိုင်မည်ဖြစ်သည်။ လျှော့ဈေးရရှိ နိုင်မည့် အပိုပစ္စည်းများအဖြစ် ဖုန်းအမျိုးမျိုး၏ Screen များ၊ နောက်ကာဗာ အဖုံး၊ ဘက်ထရီ၊ စက်ပြား၊ ကင်မရာများ ပါဝင်မည်ဖြစ်သော်လည်း ဖုန်းမော်ဒယ်အလိုက်(အပိုပစ္စည်းလက်ကျန်ရှိသလောက်ကိုသာ) လျှော့ဈေး ဖြင့်ရရှိမည်ဖြစ်၍ အပိုပစ္စည်း လက်ကျန်ရှိမရှိကို ဟော့လိုင်းနံပါတ် ၀၉-၆၈၉၀၀၀၉၀၀ သို့ တနင်္လာမှ သောကြာအထိ မနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်ကာ Service Carnival အစီအစဉ်ကို ရန်ကုန်မြို့ လှည်းတန်း၊ မန္တလေး ၇၈ လမ်း၊ လားရှိုး၊ မကွေး၊ နေပြည်တော်၊ မြိတ် ဆားဗစ်စင်တာ ခြောက်ခုတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

## လူငယ် စာပေ နှလုံးလှစေ

※ သည်ဟေမန် သည်ကာလ
မြူနှင်းက ဝေ့ဝဲကာ၊
ဆောင်းနတ်မယ် သူ့အလှ
လှစ်ပြသည်ခါ။
စာပေပွဲ ခင်းကျင်းလာ
လိုက်ဖက်စွာ ကြိုဆိုနွှဲ၊
လူငယ်တွေ နောင်ခါမြင့်ဖို့
မြှင့်ကြသည့်ပွဲ။

※ စာပေကို တန်ဖိုးထား
မှတ်သားကြ လူငယ်တွေ၊
စာဂုဏ်ရည် စာအကျိုး
မြတ်နိုးကြစေ။
မျိုးချစ်စိတ် တိုးကာလေ
မျိုးသဟာဆွေ ညီညွတ်ရေး၊
ပြည့်ဂုဏ်ရောင် ပြည့်သမိုင်း
နှိုင်းရှုပ့်ါလေး။

※ ဗလငါးတန် ဖွံ့ဖြိုးဖို့
ကြိုးစားလို့ ဖြည့်ကြလေ၊
လူငယ်တွေ စွမ်းရည်ထက်မှ
တိုးတက်မည်ပေ။
နိုင်ငံရဲ့ အနာဂတ်အခြေ
စာပေသည် ရင်းမူလ၊
သည်ချိန်ခါ ကြိုလက်ကမ်း
လမ်းဖွင့်ညွှန်ပြ။

(လူငယ်နှင့်စာပေအနုပညာပွဲတော်အား ကြိုဆိုလျက်)

**ဘိုမျိုး(ရွှေဘို)**

## ရွှေတောင်မြို့နယ်၌ မြစိမ်းရောင်(အသားကဏ္ဍ)ဝက်မွေးမြူရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**ရွှေတောင် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ယနေ့နံနက် ၁၁ နာရီက မြစိမ်းရောင်(အသားကဏ္ဍ) ဝက်မွေးမြူရေး စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်ပွဲကို ကျင်းပသည်။



ဦးစွာ ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးလင်းက မြစိမ်းရောင်(အသားကဏ္ဍ)ဝက်မွေးမြူရေးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က မြစိမ်းရောင်(အသားကဏ္ဍ) ဝက်မွေးမြူရေးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝက်ကောင်ရေ ၅၆၂ ကောင်ကို တစ်ကောင်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်း မွေးမြူသူဦးရေ ၁၇၅ ဦး အတွက် ရန်ပုံငွေကျပ် ၅၆၂ သိန်းကို မီးလောင်အုပ်စုဝါးလည်ကျေးရွာ မြစိမ်းရောင် (အသားကဏ္ဍ) ဝက်မွေးမြူရေး စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် မြစိမ်းရောင်(အသားကဏ္ဍ) ဝက်မွေးမြူရေးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့သည်။

**ကိုကိုမင်း(ပြန်/ဆက်)**




## ညောင်ရွှေ၌ သမဝါယမ အသင်းသားပိုင် မိုးစပါးများ ရိတ်သိမ်း

**တောင်ကြီး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု ကျေးထပ်ကျေးရွာရှိ မြပုလဲ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်း၏ အသင်းသား ၄၃ ဦးပိုင် လယ်ယာမြေဧက ၂၇၂ ဧကတွင် ရွှေရင်အေးစပါး ရိတ်သိမ်းခြွေလှေ့ခြင်းပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုမှ တစ်ဧကလျှင် စိုက်ပျိုးရေးသွင်းအားစု ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ တန်ဖိုးငွေကျပ် ၅၄၄ သိန်း ထောက်ပံ့ပေးပြီး တစ်ဧကလျှင် စပါးတင်း ၉၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိလောက**

**တည်မြဲဖို့**

**သစ်ပင်စိုက်ပျိုး**

**ထိန်းသိမ်းစို့**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၈ - မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## အင်းစိန်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ပူးပေါင်း၍ အထူးစာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၅ ရက်က အင်းစိန်မြို့နယ်ရှိ ခရိုင် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ဦးမောင်မောင်အုန်း (လယ်ဝေး) က စာဖတ်ဝိုင်းပြုလုပ်ခြင်းအကြောင်းပြောကြားပြီး မောင်မောင်အုန်း (လယ်ဝေး)ရေးသားခဲ့သည့် စာမူများအကြောင်းကို ဖတ်ကြားဆွေးနွေးကြကာ စာရေးဆရာ ဆရာမများ ဖြစ်ကြသည့် ဆရာကြီး ရန်နောင် (ပညာရေး)၊ ဆရာသက်လှိုင်မျိုး (စက်မှုတက္ကသိုလ်) ဆရာတော်မြင့် (ငှက်ဖျား)၊ ရန်မိုးအောင် (အင်းစိန်)၊ ဝင်းနွယ်(ပုသိမ်)၊ အရာခံဗိုလ် သစ်လွင်(ငြိမ်း)၊ ခင်ခင်လှ(အင်းစိန်)၊ ရွှေဘဝင်၊ ငြိမ်းစုသွယ်(မြေလတ်သူ)၊ မောင်မောင်ဝင်းမြင့်(မှူခင်း)၊ ကိုညွှန့်ဝင်း (အမြင်သစ်)နှင့် အောင်ငယ်စစ် (အင်းစိန်)တို့က ဆွေးနွေးကြပြီး စာမူရှင်က ပြန်လည်ဖြေကြားကာ စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၄၅ ကျပ် | ၂၅၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၂၀၀ | ၁၇၃၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၈၀၈ | ၂၃၀၆၁၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၀ | ၇၆၀၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၃၃၇ | ၂၂၀၆၀၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၁ | ၂၆၉၅၀ |
| EFR | ၁၉၀၀ | ၂၀၀၀ | ၅၉၄ | ၁၁၅၈၀၀၀ |
| AHPC | ၄၆၀၀ | ၄၈၀၀ | ၄ | ၁၈၈၀၀ |
| MAEPC | ၁၇၀၀ | ၁၆၅၀ | ၁၉၂၉ | ၃၁၈၄၃၀၀ |

ညီညီ - စုစည်းသည်

# MNL အမှတ်ပေးချန်ပီယံဆုကို ရှမ်းယူနိုက်တက်အသင်း တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် ရယူဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၈

**၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲကို ဒီဇင်ဘာ ၁၈ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။**

MNL ပြိုင်ပွဲသမိုင်းတွင် တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ချန်ပီယံဆုရရှိသည့် တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုနောက်ဆုံးပွဲတွင် ရန်ကုန်အသင်းကို သရေကစားပြီး ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ နှင့် ၂၀၂၂ ရာသီတွင် တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ချန်ပီယံဆုရခဲ့သလို ယခုရာသီတွင်လည်း ရှုံးပွဲမရှိသဖြင့် တတိယအကြိမ် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃ ရာသီတို့တွင် ငါးကြိမ် ရယူနိုင်ခဲ့ပြီး ချန်ပီယံဆုအများဆုံးရရှိထားသည့် ရန်ကုန်အသင်း၏ ချန်ပီယံအရေအတွက်ကို လိုက်မီခဲ့သလို ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃ ရာသီ (၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲမကျင်းပဖြစ်) တို့တွင် လေးရာသီဆက် ဗိုလ်စွဲကာ ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် လေးရာသီဆက် ချန်ပီယံဖြစ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ ရာသီကတည်းက ရှုံးပွဲမရှိစံချိန်မှာ ၅၆ ပွဲအထိ ရှိလာပြီး ၂၀၂၂ ရာသီတွင် နည်းပြချုပ်အဖြစ် စတင်ကိုင်တွယ်ခဲ့သည့် နည်းပြချုပ် ဦးဟန်ဝင်းအောင်သည်လည်း ၎င်းကိုင်တွယ်သည့် ပြည်တွင်းလိဂ်ပွဲအားလုံး ရှုံးပွဲမရှိသည့် စံချိန်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး နှစ်သင်းစလုံး အဆုံးသတ်အားနည်းခဲ့သဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးမပေးရရန် အဓိကထားကစားခဲ့ပြီး ရန်ကုန်အသင်းမှာလည်း ရှမ်းယူနိုက်တက်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ဂိုးသမား ဘုန်းသစ္စာမင်းက ရရှိသည်။

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို သွင်းဂိုး ၁၃ ဂိုးဖြင့်ရရှိခဲ့သည့် ရှမ်းယူနိုက်တက် တိုက်စစ်မှူး ဘယ်လိုကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်း၊ အဆင့် ၅ နေရာရရှိသည့် ဒဂုံစတားအသင်းကို ဆုကြေးငွေကျပ် သိန်း ၁၀၀၊ အဆင့် ၄ နေရာရရှိသည့် အား/ကာသိပ္ပံအသင်းကို ဆုကြေးငွေကျပ် သိန်း ၂၀၀၊ တတိယဆုရ ဟံသာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၄၀၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၆၀၀၊ ချန်ပီယံဆုဖလားနှင့် တစ်ရာသီလုံးရှုံးပွဲမရှိသည့်အတွက် ရွှေဖလားတို့ ရရှိသည်။ ဆုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ရဲရင့်လွင်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ ရှမ်းယူနိုက်တက်အသင်းကို ချန်ပီယံဆုဖလား ချီးမြှင့်စဉ်။ ဓာတ်ပုံ - သော်လေး

# မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း (ပြည်ခရိုင်)ရုံးခန်းဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (MICA) တရားဝင်တည်ထောင်ထားသော Myanmar International Arbi-tration Centre(MICA) Incor-porated ၏ (ပြည်ခရိုင်) ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က ပြည်မြို့ရှိ ၎င်းရုံးခန်း၌ ကျင်းပသည်။

အစီအစဉ်အရ ဗဟိုဥက္ကဋ္ဌ (တည်ထောင်သူ) ဦးအဲလ်ဘတ်ဇော်မင်းထံမှ ပေးပို့သော သဝဏ်လွှာကို MIAC ပဲခူးတိုင်းအတွင်းရေးမှူး ဦးတင်ထွန်းက ဖတ်ကြားပြီး ပဲခူးတိုင်းဒေသကြီး MIAC ဥက္ကဋ္ဌ ဦးခင်မောင်ရွှေက နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ MIAC (ပြည်ခရိုင်)ရုံး ဆိုင်းဘုတ်ကို တာဝန်ရှိသူများက နံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် MIAC(ပြည်ခရိုင်) ဥက္ကဋ္ဌ ဦးကျော်သူက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**ကိုကြီးတင်**



# ဝိုင်းမော်တွင် Mi - 35 ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်အနီးရှိ ဝါဆာဒီရွာသစ်တွင် ဒီဇင်ဘာ ၁၇ ရက်က တပ်မတော်မှ Mi-35 ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားကြောင်း ဒေသခံများထံမှ သိရသည်ဟု




ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Ayeyarwaddy Times မှ မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ Mi-35 ရဟတ်ယာဉ်ပျက်ကျသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိဘဲ သတင်းတု၊ သတင်းမှားသာဖြစ်ကြောင်းနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များသည် အကြမ်းဖက်ချေမှုန်းရေး၊ စစ်ဆင်ရေးများတွင် မြေပြင်တပ်မတော်စစ်ကြောင်းများနှင့်အတူ ဟန်ချက်ညီညီဖြင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူလူထုမှ တပ်မတော်အပေါ် ယုံကြည်အားကိုးလိုစိတ်များ ယိုင်နဲ့လာစေရန် ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်တွင် တပ်ဖွဲ့ဝင်များက မှတ်ပုံတင်မပြနိုင်သူများကို ဒဏ်ရိုက်သည်ဟုဆိုပြီး ငွေကျပ်တစ်သောင်းတောင်းဟု မဟုတ်မမှန် ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်တွင် လမ်းသွားလမ်းလာပြည်သူများကို တပ်ဖွဲ့ဝင်များက စစ်ဆေးမှုပြုလုပ်ပြီး မှတ်ပုံတင်မပြနိုင်ပါက ငွေကျပ်တစ်သောင်း ပေးဆောင်ရန် ဒဏ်ငွေရိုက်နေသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Delta News Agency က မဟုတ်မမှန်ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မော်လမြိုင်မြို့ရှိ ဒေသခံပြည်သူများ၏ ပြောပြချက်အရ မော်လမြိုင်မြို့ထဲတွင် တပ်ဖွဲ့ဝင်များအနေဖြင့် သီးခြားစစ်ဆေးခြင်းမရှိကြောင်း၊ မှတ်ပုံတင်မပြနိုင်ပါက ဒဏ်ရိုက်သည်ဟုဆိုသည်မှာလည်း မဟုတ်မှန်ကြောင်း၊ ရုံးပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေနေ့များတွင် ဌာနဆိုင်ရာအဖွဲ့စုံဖြင့် လမ်းဆုံလမ်းခွများတွင် ရှောင်တခင်စစ်ဆေးခြင်းများသာ တွေ့ရှိရကြောင်းနှင့် ငွေကြေးတစ်စုံတစ်ရာ တောင်းခံမှုမရှိကြောင်း သိရှိရသည်။




သို့ဖြစ်ပါ၍ အဆိုပါသတင်းသည် ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူများ နေ့စဉ်ပုံမှန်လှုပ်ရှားသွားလာနေမှုများတွင် စိုးရိမ်ပူပန်စိတ်များဖြစ်ပေါ်လာစေရန်အတွက် မဟုတ်မမှန် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်သည်။

**သတင်းစဉ်**

# ဒီပဲယင်းမြို့နယ် အောင်ချမ်းသာရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန် သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်အရှေ့ခြမ်း အောင်ချမ်းသာကျေးရွာကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်က ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည်ဟု




တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၇ရက်တွင် တပ်မတော်စစ်ကြောင်းများသည် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများအနီး နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်မှုမရှိကြောင်းနှင့် အောင်ချမ်းသာကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ မဟုတ်မမှန် ကောလာဟလ သတင်းတု၊ သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ ဇာရီမှုအမှတ်-၃၀

| | |
|---|---|
| မြန်မာလင့်(န်)အင်ဒဗဲ့လော့(ပ်)မင့်(တ်) **နှင့်** လီမိတက်(၎င်း၏ကိုယ်စား မန်နေဂျာ ဦးစိုးမင်းကျော်) | ပါရမီအင်ဂျင်နီယားရင်း လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျင်း ဒါရိုက်တာ ဦးတင်လှိုင်) |
| **ဒီကရီအနိုင်ရသူ** | **တရားရှုံး** |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ စံရိပ်ငြိမ်ရပ်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၈၇၊ ပထမထပ်-ဝဲ)

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း(၇၈၀)တိတိ**
**(ကျပ်သိန်းခုနှစ်ရာ့ရှစ်ဆယ်တိတိ)**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုး သက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းပြီးမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချ ရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/9030 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၀၉၃၉, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇင် ၅/မရန(နိုင်)၂၂၃၇၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/1323, YUNTONG, Mini Bus (4x2) Lယာဉ်လက်ဝယ်ရှိသူ မောင်ဝင်း ၅/မရန(နိုင်) ၀၁၂၂၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/5837, Suzuki CarryDA21T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမာလွင် ၉/မထလ(နိုင်) ၂၀၂၁၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1645, Sein Tun L/T(ST-LTO1)ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းအောင် ၉/မထလ(နိုင်)၃၄၈၂၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊မောလိပ်ရပ်ကွက်နေ ဒေါ်ကြီးကြီးဝင်း၊ ဒေါ်ဝင်းဖြူဖြူဖွေး တို့က စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၄)၊ နာဇီ တောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၁.၅၁၁ဧကအနက်မှ ဧရိယာ ၀.၁၂၃ ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဒေါ်ကြီးကြီးဝင်း၊ ဒေါ်ဝင်းဖြူဖြူဖွေး တို့က စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၇၃/၂၀၂၃အရ အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းတို့အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဒေါ်အောင်တင်ရီက စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၄)၊ နာဇီတောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၁ဒသမ၅၁၁)ဧကအနက်မှ ဧရိယာ(၀ဒသမ၀၂၄)ဧကရှိဘိုးဘပိုင် (B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဒေါ်အောင်တင်ရီက စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၊ စာချုပ်အမှတ် ၁၇၁/၂၀၂၃ အရ အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောကျောင်းလမ်း၊ တိုက်အမှတ်(၃၅)(ဖလွှာ)တိုက်ခန်း၊ အကျယ်အဝန်း (၂၅ x ၅၀)ပေ အမြင့်(၉)ပေရှိ အထက်ဖော်ပြပါတိုက်ခန်းကို ဒေါ်ဆုဝင်းဟံ ၁၂/စခန (နိုင်)၀၆၄၈၆၄မှ ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ (၁၇-၁၂-၂၀၂၃)ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုခဲ့သည်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသူမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြတ်နောင်(LL.B)(စဉ်-၃၆၄၁၈)**
**အမှတ်(၁၈၅)၊ လမ်း-၅၀(အထက်)၊ ၇လွှာ(ဝဲ)၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊**
**ဖုန်း-၀၉-၇၈၅၆၂၀၁၇၃၊ ၀၉-၈၇၄၄၂၇၈၇၂**

## မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ (သတ္တမအကြိမ်) ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့
### တတိယထပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အဦး၊ ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
### မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ(သတ္တမအကြိမ်)ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းအတွက် မဲဆန္ဒပြုလွှာ ပေးပို့နိုင်ကြောင်း ကြေညာချက်

၁။ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ (သတ္တမအကြိမ်) ကို ဖွဲ့စည်းရန် ကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်းအတွက် မဲဆန္ဒရှင်(မှတ်ပုံတင်သက်တမ်းရှိသည့် တိရစ္ဆာန်ဆေးကုဆရာဝန်) များသည် ပေးပို့ထားသည့် မဲဆန္ဒပြုလွှာပုံစံ (၃)ဖြင့် ဆန္ဒပြုရာတွင် အောက်ပါတို့ကို တိကျစွာလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်-

(က) မဲဆန္ဒရှင်သည် ရွေးကောက်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းထားသည့် မဲဆန္ဒပြုလွှာပုံစံ (၃)တွင် အက္ခရာစဉ်အလိုက်ဖော်ပြထားသောကောင်စီဝင်လောင်း များအနက် (၇) ဦးထက်ပို၍ ထောက်ခံဆန္ဒမပြုရပါ။

(ခ) ထောက်ခံဆန္ဒပြုလိုသူများ၏ အမည်နှင့်ယှဉ်၍ မဲဆန္ဒပြုလွှာပုံစံ(၃)၏ စာတိုင်(၄) တွင် အမှန်အမှတ်အသား(✔) ဖော်ပြရပါမည်။ ကန့်ကွက်ဆန္ဒပြုလိုသူများ၏အမည် နှင့်ယှဉ်၍ မဲဆန္ဒပြုလွှာပုံစံ(၃)၏ စာတိုင်(၅)တွင် ကြက်ခြေခတ်အမှတ်အသား(✖)ဖော်ပြရပါမည်။ မိမိဆန္ဒပြုအမှတ်အသားပေးထားသော မဲဆန္ဒပြုလွှာပုံစံ(၃)တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။ [တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ၉၊ နည်းဥပဒေခွဲ(က) နှင့် နည်းဥပဒေခွဲ(ခ)]

(ဂ) မဲဆန္ဒပြုလွှာပုံစံ(၃)ကို ပူးတွဲပေးပို့ထားသည့် သတ်မှတ်စာအိတ်ဖြင့် ထည့်လျက် လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ Colour Scan ကို Portable Document Formal Format (or) Joint Photographic Group Format ဖြင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၏ e-mail လိပ်စာ myanmarveterinarycouncil123@gmail.com သို့ ဖြစ်စေ၊ ကောင်စီဝင်ရွေးကောက် တင်မြှောက်ရေးအဖွဲ့သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက်နေ့၊ (အင်္ဂါနေ့) (၁၆:၃၀) နာရီ နောက်ဆုံးထားပေးပို့ရပါမည်။
[တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေများ၊ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ဂ)]

(ဃ) ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့သည် မဲဆန္ဒရှင်များက အထက်အပိုဒ် (၁)၊ (၂) နှင့် (၃) ပါ သတ်မှတ်ချက်များနှင့်အညီ ပေးပို့သော ဆန္ဒပြုလွှာပုံစံ(၃)များ ကိုသာလက်ခံပြီး သတ်မှတ်ချက်များနှင့် မညီသော ဆန္ဒပြုလွှာပုံစံ(၃) များကို ပယ်မဲ အဖြစ်သတ်မှတ်ပါမည်။
[တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(က)]

၂။ မဲဆန္ဒပြုလွှာပုံစံ (၃) ဖြင့် ဆန္ဒပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမှုမရှိပါက မြန်မာနိုင်ငံတိရစ္ဆာန် ဆေးပညာကောင်စီ၊ ဖုန်းနံပါတ်(၀၆၇-၃၄၀၈၄၆၇)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

ရက်စွဲ၊၂၀၂၃ခုနှစ်၊ဒီဇင်ဘာလ(၁၈)ရက်

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၁၁-၂၀၂၃) ရက်တွင် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၂) ပါ ယာဉ်အမှတ် 77W/0071 အစား 77W/10071 ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ နတ်စမ်းကျေးရွာနေ အထက၊ ကျိုက်မရော Grade-10 မှ မောင်မင်းညီဟိန်း၏ ဖခင်အမည်မှန်မှာ မာမက်စလင်း PBDN ၀၁၁၄၈၈ ဖြစ်ပါကြောင်း။

**မာမက်စလင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊စက်ရုံစုရပ်ကွက်နေ ဒေါ်သိန်းညွန့်မေက စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၄)၊ နာဇီ တောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၁.၅၁၁ဧကအနက်မှ ဧရိယာ ၀.၀၇၀ ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဒေါ်သိန်းညွန့်မေက စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၇၂/၂၀၂၃အရ အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊စက်ရုံစုရပ်ကွက်နေ ဦးနေထွန်းလင်းက စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၄)၊ နာဇီ တောင်အကွက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၁.၅၁၁ဧကအနက်မှ ဧရိယာ ၀.၁၀၈ကေရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မြလှပုံမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မလှယဉ်ထံမှ ဦးနေထွန်းလင်းက စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၇၇/၂၀၂၃အရ အိမ်ရာမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ စ၍ ၁၅ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကောယားကျေးရွာအုပ်စု (အထက) ကောယား ကျောင်း Grade-11မှ မောင်ကျော်တင်ဆန်း အလက စံကပ် Grade-9 မှ မောင် လွင်မိုး နှင့် Grade-5မှ မခင်စန္ဒာမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွန်း ၅/ဟမလ(နိုင်)၁၀၁၉၀၀ ဖြစ်ပါကြောင်း။

**ဦးစိန်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/02423 ယာဉ်လက်ဝယ်ရှိသူ ဦးအေးမျိုးသန့် ၉/မခန(နိုင်) ၁၆၀၈၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၇

ဒေါ်ဝင်းဝင်းသန်း — နှင့် — ဗိုလ်ကြီးမျိုးမြင့်
တရားလို — တရားပြိုင်

အေးသာယာမြို့၊ အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၂)၊ အိမ်အမှတ် (၁၆/၁၃၄) နေ ဗိုလ်ကြီးမျိုးမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းဝင်းသန်းက အိမ်မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ (၁၃၈၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသီရိဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ဗန်းမော်ခရိုင်တရားရုံးတော်
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆

၁။ ဒေါ်ဝါဝါလွင် — နှင့် — ဦးဘမော်
၂။ ဦးထွန်းထွန်း
၃။ ဒေါ်ရီရီစိန်
တရားလိုများ — တရားပြိုင်

ဦးဘမော်၊ ပက-၇၄၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်နေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဝါဝါလွင်ပါ-၃ဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း အမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၅ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့် ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီထွန်း)**
**ခရိုင်တရားသူကြီး**
**ဗန်းမော်ခရိုင်တရားရုံး**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်းဥပဒေ ၁နှင့် ၅)
### ဒဂုံမြို့သစ်ခရိုင်တရားရုံး
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၉၂)

ဦးစံသိန်း — နှင့် — ၁။ ဒေါ်ငွေးရင်
၂။ ဒေါ်ဥမ္မာ
၃။ ဦးတင်ငွေ
၄။ ဦးဝေယံမျိုးထွန်း
တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာအုပ်စု၊ အမှတ်(မရှိ)၊ (ယခုနေရပ်လိပ်စာမသိ)သူ (၃)တရားပြိုင် ဦးတင် ငွေ သိစေရမည်။

သင့်အပေါ် တရားလိုက တရားပြိုင်များအပေါ် တရားလိုထံမှ ရယူသွားသော ငွေကျပ် ၆၀၇၅၀၀၀/-(ကျပ်သိန်းခြောက်ဆယ် ခုနှစ်သောင်းငါးထောင်တိတိ) နှင့် နစ်နာကြေးငွေကျပ် ၅၉၂၅၀၀၀/-(ကျပ်ငါးဆယ့်ကိုးသိန်း နှစ်သောင်း ငါးထောင်တိ တိ)၊ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ)ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်) မွန်းမတည့် မီ နံနက် ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များ၊ စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၄၆၊ ပထမထပ်(လက်ျာဘက်)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးခင်ဇော်ဦး ၁၂/ဥကမ(နိုင်)၁၄၂၉၈၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
|---|---|---|
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
အမှတ် ၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉- ၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉- ၄၂၅၂၈၈၆၅၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ အထက မိုးအင်ကျောင်းအုပ် ဆရာမကြီး ဒေါ်လှလှဝင်း ၁၃/ရစန(နိုင်)၀၀၂၅၉၀၏ဖခင် ဦးမောင် သန်း(ခ)ဦးသန်း ၁၃/ရစန (နိုင်)၀၀၂၅၈၅ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၁) Grade-8မှ မခင်ခတ္တာဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း ၁၃/တကန(နိုင်)၃၃၃၉၃၀ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းထွန်း**

## ရှမ်းပြည်နယ်၊ရပ်စောက်မြို့နယ် သမဝါယမအသင်းစု လီမိတက် ဒုတိယအကြိမ် အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရပ်စောက်မြို့၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ပိုင်ဆိုင်သော ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်ရှိ နယ်မြေ(၂)၊ ကွင်း အမှတ်(၁၅)၊ ဟိုပင်ရွာမကွင်း၊ ဦးပိုင်အမှတ်(၂၅၉)မှ အကျယ်အဝန်း (၆.၅)ဧကအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် လေလံလျှောက်လွှာစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | လေလံလျှောက်လွှာ ရောင်းချမည့်နေ့ရက် | - | ၁၉-၁၂-၂၀၂၃ရက်မှ ၂၆-၁၂-၂၀၂၃ရက်အထိ |
| (၂) | လေလံလျှောက်လွှာ ပိတ်သိမ်းမည့်နေ့ရက် | - | ၂၆-၁၂-၂၀၂၃ရက်နေ့ (၁၆:၀၀)နာရီ |
| (၃) | လေလံတင်ရောင်းချမည့် နေ့ရက်/အချိန် | - | ၂၇-၁၂-၂၀၂၃ရက်၊ နံနက် ၁၀နာရီ |
| (၄) | လေလံတင် ရောင်းချမည့်နေရာ | - | မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၊ ဦးဥတ္တမလမ်း၊ မြို့မဈေးအရှေ့ဘက်၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့ |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်-

ဖုန်း-၀၈၁-၂၂၀၄၀၈၈၊ ၂၂၀၄၀၈၉၊ ၀၉- ၇၇၂၁၉၅၀၂၉၊၀၉- ၄၂၈၃၄၈၅၀၇

**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**ရပ်စောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

